မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၈ ခုနှစ်၊ ဧပြီ ၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၈၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဧပြီ ၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ်အန်ဆာရီ၏ ဖိတ်ကြားချက်အရ ယနေ့နံနက် ၉ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဧပြီ ၃ ရက်)

မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးရှေးရှု အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အပြန်အလှန်ကူညီ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Don Chan Palace Hotel၌ မတ် ၃၁ ရက်နေ့တွင် ကျင်းပသည့် တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။

တတိယအကြိမ် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ တံခါးပိတ်ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ယှဉ်ပြိုင်မှုစွမ်းအားတိုးမြှင့်ရေး၌ ရေရှည်တည်တံ့မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှု အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဦးဆောင်ပြီး ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် သဘာပတိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းက မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၏ ဦးဆောင်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မွန်းလွဲပိုင်းတွင် Convention Hall Zone (A) ၌ ကျင်းပသည့် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း တောင်-မြောက် စီးပွားရေးစင်္ကြံလမ်းကြောင်း အပိုင်း(၃)ပြီးစီးမှု၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း သတင်းအချက်အလက်အမြန်လမ်းကြောင်းကွန်ရက် အဆင့်(၁)ပြီးစီးမှု၊ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ၏ အစိုးရများကိုယ်စား သဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲနှင့် ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားများသို့ တက်ရောက်ခဲ့သည်။

ထိပ်သီးအစည်းအဝေးက မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရှေ့စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် အနာဂတ် ဆောင်ရွက်မည့် လုပ်ငန်းလမ်းကြောင်းများ၊ မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအစီအစဉ်(၂၀၀၈-၂၀၁၂)များ ပါဝင်သည့်ပူးတွဲ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံ့ခေါင်းဆောင်များသည် ပထမနှင့်ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေး များက ချမှတ်ခဲ့သည့် ကတိကဝတ်များခိုင်မာစေပြီး ပြည်သူများသာယာဝပြောရေးကို မြှင့်တင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများ ပိုမိုရင်းနှီးစွာပူးပေါင်း ဆောင်ရွက်ရေးကို ထပ်မံဆုံးဖြတ်ကြသည်။

တတိယအကြိမ် မဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးမှ ညှိနှိုင်းဆွေးနွေးချက်များနှင့် ထုတ်ပြန်ခဲ့သော ပူးတွဲကြေညာချက်တို့သည် မဲခေါင်ဒေသခွဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းညီညွတ်ရေးကို ရှေးရှုလျက်ရှိရာ အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း အပြန်အလှန်စောင့်ရှောက်ကူညီ မျှဝေခံစားနိုင်သည့် အသိုက်အဝန်းတစ်ရပ် ထူထောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင်အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ၃ရပ်ကွက် သာယာအေးလမ်း အမှတ် ၃၇၇၁ နေ ဒေါ်စန်းကြည်အား အမှူးထား၍ ဦးငွေလှိုင်-ဒေါ်မိုမိုလွင်၊ သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် နှစ်သိန်း ခြောက်သောင်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့် ဦးမောင်လှိုင်တို့က လက်ခံယူသည်။(အောက်ပုံ)

(က-ပ)

မြဝတီရုပ်မြင်သံကြား

၃-၄-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသကြန်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	မြန်မာသကြန်
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မြန်မာသကြန်
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၃၆)
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၈၇)(ဇာတ်သိမ်း)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၁၉)

လားရှိုးမြို့တွင် ကြံရည်မှ ဘိုင်အိုအီသနော ထုတ်လုပ် ဘိုင်အိုအီသနောလောင်စာဆီဖြင့် မော်တော်ယာဉ်များ မောင်းနှင်ပြသ

နေပြည်တော် ဧပြီ ၂

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး ဦးသိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်သိမ်းတို့သည် မတ် ၃၁ရက် နံနက်ဂုနာရီခွဲက လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်ယာမြေ(၁) ဘိုင်အိုအီသနောစက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း ကြံရည်မှ ဘိုင်အိုအီသနော ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး ကြံရည်ဘိုင်အို အီသနောလောင်စာဆီဖြင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်အင်ဂျင်စက်တို့ မောင်းနှင်ပြသမှုကို ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဗဟိုအတွင်းရေးမှူး ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်သိမ်းတို့သည် နံနက် ၈နာရီတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းရုံး အစည်းအဝေးခန်းမ၌ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံရာ တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဗဟိုအတွင်းရေးမှူး ဦးသိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်သိမ်းတို့က အမှာစကား ပြောကြားကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းရှိ အဆင့်မြင့်ကြက်သားပေါက် ထုတ်လုပ်ရေးအတွက် မိဘမျိုးကြက်ခြံများ တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် လားရှိုးမြို့ နားလုံဒေသရှိ စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက်၏ လက်ဖက်ပျိုးဥယျာဉ်၊ လူငယ်အားမာန် ရော်ဘာစိုက်ခင်း၊ စိန်ဝတ်မှုန်ကုမ္ပဏီ၏ အသေးစားမြေတူးစက်ဖြင့် လက်ဖက်စိုက်ပျိုးမည့် အခြေအနေများနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ရောဂါ ထိန်းချုပ်ရေးစတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုခါဝါသဓမ္မရိပ်သာ (၁၀)ရက် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်ရှိ သုခါဝါသဓမ္မရိပ်သာတွင် မိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ ကျင်းပမည် ဖြစ်ရာ တရားစခန်းပွဲတွင် ကမ္မဋ္ဌာနာစရိယအရှင်စန္ဒသာရ (ကျောင်းကုန်း မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ သာသနာပြုနယ်လှည့်ဓမ္မကထိက ဓမ္မာစရိယဒက္ခိဏာရာမ ရွှေကျင် ပရိယတ္တိစာသင်တိုက်)မှ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါးတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက ဖုန်း- ၅၃၇၃၂၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရွှေဘိုမြို့ ၃ရပ်ကွက်နေ မိဘများအား ရည်စူး၍ ဒေါ်ခင်အုန်းနှင့် မောင်နှမများက ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းနှင့် ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လှူဒါန်း

ဦးခင်မောင်-ဒေါ်အေးကြိုင်တို့အား ရည်စူး၍ အမှတ်၂၄၅ နှင်းဆီလမ်း ဈေးပိုင်း သနပ်ပင်မြို့နေ သမီး ဒေါ်တင်တင်ဌေး၊ ဒေါ်ထားထားဝင်းတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ သံဃာတော်နှင့် သီလရှင်များအတွက် ဆွမ်းတစ်နေ့တာ အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်က လက်ခံယူစဉ်။ (က-ပ)

အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများ

ဇီဝစွမ်းအင်တိုးမြှင့်ထုတ်လုပ်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် လယ်ယာကဏ္ဍယှဉ်ပြိုင်နိုင်မှု စွမ်းရည် တိုးမြှင့်ရေးမူဝါဒဆိုင်ရာ စားပွဲဝိုင်းဆွေးနွေး

နေပြည်တော် ဧပြီ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကိုရီးယားစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ပူးပေါင်းဆောင်ရွက်မှုအသင်း (Korean- FAO Association) နှင့် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ (SEAMEO) ၏ ဒေသဆိုင်ရာ စိုက်ပျိုးရေးဘွဲ့လွန်သင်တန်းနှင့် သုတေသနဌာန(SEARCA) တို့ ပူးပေါင်းကျင်းပသော အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများ၏ ဇီဝစွမ်းအင်တိုးမြှင့်ထုတ်လုပ်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် လယ်ယာကဏ္ဍ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်တိုးမြှင့်ရေး မူဝါဒဆိုင်ရာ စားပွဲဝိုင်း ဆွေးနွေးပွဲ (5th Policy Roundtable on Building Capacities for Agricultural Competitiveness of Transition Countries in Southeast AsiaTheme: Biofuels Development: Challenges and Implications to Food Security in Transition Southeast Asia) ကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော် ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ စားပွဲဝိုင်း ဆွေးနွေးပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် FAO အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြောကြား

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး(**အပေါ်ပုံ**)က အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်မှုများဖြစ်ပေါ်စေပြီး သီးနှံဈေးနှုန်းများကိုလည်း မြင့်တက်စေခြင်းနှင့် ဇီဝစွမ်းအင် တိုးတက်ထုတ်လုပ်ရရှိနိုင်ရေးအတွက် သီးနှံစိုက်ပျိုးမှုများကို ပြောင်းလဲစိုက်ပျိုး ထုတ်လုပ်လျက် ရှိနေခြင်းတို့ကြောင့် ယနေ့ကျင်းပသော ဆွေးနွေးပွဲသည် အလွန် အချိန်အခါသင့်ပါကြောင်း၊ ယခု ဆွေးနွေးပွဲတွင် အဓိကပါဝင် ဆွေးနွေးကြမည့် အကြောင်းအရာများမှာ ဇီဝစွမ်းအင် ထုတ်လုပ်မှု အစီအစဉ်နှင့် စားသုံးသီးနှံ ထုတ်လုပ်မှုအစီအစဉ်တို့အကြား မြေယာ အသုံးချမှု၊ ရေအရင်းအမြစ် အသုံးချမှု၊ ရင်းနှီးမြှုပ်နှံမှု၊ သွင်းအားစုနှင့် လူ့စွမ်းအား အရင်းအမြစ် အသုံးချရေး ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် စားသုံးသီးနှံ ဖူလုံပိုလျှံအောင် စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်ရေးကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း စားသုံးမှု ဖူလုံမှုအပြင် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှုအတွက် လယ်ယာထွက်ကုန် အပိုအလျှံများကို ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ရေးကိုလည်း ကြိုးပမ်း လျက်ရှိကြောင်း၊ ထို့အပြင် ဇီဝစွမ်းအင် ထုတ်လုပ်မှုအတွက် ခြံစည်းရိုးကြက်ဆူ အပါအဝင် စွမ်းအင်ထုတ်လုပ်နိုင်သော သီးနှံများကို တိုးချဲ့စိုက်ပျိုးရာတွင်လည်း ရိက္ခာသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို မထိခိုက်စေဘဲ တိုးချဲ့စိုက်ပျိုးသွားနိုင်သည့် မြေနှင့်ရေသယံဇာတ အရင်းအမြစ်များစွာ ရှိနေသေးကြောင်း၊ လက်ရှိအားဖြင့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သော ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးမှုကို ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ကျေးလက်ဒေသ စွမ်းအင် ဖူလုံရေးနှင့် နိုင်ငံတော်၏ စက်သုံးဆီ တင်သွင်းမှုကို လျှော့ချနိုင်စေရေးအတွက် ၂၀၀၅ ခုနှစ် မှစတင်၍ တိုးချဲ့စိုက်ပျိုးလျက် ရှိရာ သုံးနှစ်အတွင်း ၃ဒသမ ၂၃ ဟက်တာ သန်းအထိ စိုက်ပျိုးသွားနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် SEARCA မှ Director Dr.Arsenio M.Balisacan က အမှာစကား ပြောကြားပြီး SEARCA မှ Research and Development Dept., Manager Dr. Arnulfo G . Garcia က စားပွဲဝိုင်း ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ကိုယ်စားလှယ်များက အသီးသီး ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ဦးတင်စိန်အား ရည်စူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၇-မိုင် အောင်တေဇလမ်း ကုန်းမြင့်ရိပ်သာ အမှတ်-၅/၅၄နေ ဒေါ်ထွေးထွေးခင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကား ဝါ လမ်း မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် ရွှေပြည်သာနှင့် လှည်းကူးမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များတွေ့ဆုံ

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မတ် ၃၀ ရက်က ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ရွှေပြည်ရတနာခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့်လည်းကောင်း၊ ရွှေပြည်သာမြို့နယ် ၉ ရပ်ကွက် ဓမ္မာရုံ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် လည်းကောင်း၊ မတ် ၃၁ ရက်တွင် လှည်းကူးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် လည်းကောင်း၊ လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ လယ်ပေါ်ကျောင်းတိုက် ဓမ္မာရုံ၌ မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်ကျေးရွာ စည်းရုံးရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် လည်းကောင်း တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေမိသားစုတို့သည် မတ် ၂၂ ရက်က နွားထိုးကြီးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရှင်ပင်သာဒွန်းဦးစေတီတော်မြတ်သို့ရောက်ရှိကြပြီး မြတ်စွာဘုရားရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် နွားထိုးကြီးမြို့နယ်လုံးတောကျေးရွာ စိတ္တသုခဓမ္မာရုံ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဖူးမြော်ကြည်ညို

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး၊ ဇနီးနှင့်မိသားစုတို့သည် ညပိုင်းတွင် လုံးတောကျေးရွာ ဆုတောင်းပြည့် မိုးကောင်းစေတီတော်ရှိ မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပိုလ်စိန်မှန် သီတဂူ ဓမ္မသဘင်

ရန်ကုန် ဧပြီ ၂

မြတ်ဗုဒ္ဓသာသနာတော်အတွက် အစဉ်အလာမပျက် နှစ်စဉ်ကျင်းပ ပူဇော်နေသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်အားကစားကွင်းအတွင်း ကျင်းပသည့် (၁၅)ကြိမ်မြောက် ဗိုလ်စိန်မှန်ဓမ္မသဘင်တွင် ဧပြီ ၃ ရက် (ကြာသပတေးနေ့)တွင် ဒေါက်တာဓမ္မသာမိ (Ph.D)Oxford England ၊ ဧပြီ ၄ ရက် (သောကြာနေ့)၌ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ(M.A),(Ph.D) မှလည်းကောင်း၊ ဧပြီ ၅ရက် (စနေနေ့)တွင် သီတဂူဆရာတော် ဒေါက်တာဉာဏိဿရ (D.Litt) (Ph.D)က ညစဉ် ၇ နာရီမှစတင်ပြီး တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

တန်းမြင့်မြေတိုင်းတာခြင်းနှင့် ခေတ်မီမြေ တိုင်းတာခြင်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်း သင်တန်းအမှတ်စဉ် ၂၇နှင့် တန်းမြင့်မြေတိုင်းနှင့် ခေတ်မီမြေ တိုင်းပညာသင်တန်းအမှတ်စဉ် ၁၀ သင်တန်းဆင်းပွဲတို့ကို ယမန်နေ့နံနက် ၉ နာရီက တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းအလိုက် ထူးချွန်ဆုရရှိသူများအား ဆုများနှင့် သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်း (အရှေ့)တို့မှ တိုင်းမြေစာရင်းဦးစီးဌာနမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၂၅၀တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိရှိတိုကျိုဂျပန်ကျောင်းခွဲဖွင့်ပွဲနှင့် ပညာရေးဆွေးနွေးပွဲ

ရန်ကုန် ဧပြီ ၂

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Tokyo West International Education Academy ၏ ရန်ကုန်ကျောင်းခွဲ SKY HOME ဖွင့်ပွဲနှင့် ဂျပန်နိုင်ငံတွင် ဂျပန်ဘာသာစကားသင်ယူလေ့လာလိုသူတို့အတွက် သိကောင်းစရာ ပညာရေးဟောပြောပွဲနှင့် ဆွေးနွေးပွဲကို ဧပြီ ၅ရက် စနေနေ့ နံနက် ၉နာရီမှ ၁၁နာရီအထိ ရန်ကုန် Traders Hotel ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဖွင့်ပွဲနှင့် ပညာရေးဆွေးနွေးပွဲသို့ နိရှိတိုကျိုကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဂျပန်ဆရာများကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ဟောပြော ဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့ တက်ရောက်ဆွေးနွေးနိုင်သည်။

နိရှိတိုကျိုကျောင်းခွဲကို SKY HOME အမည်ဖြင့် ရန်ကုန်လှည်းတန်း ဈေးထိပ် စန္ဒာမြိုင်ကွန်ဒို ၁၀ ထပ်တွင် ဖွင့်လှစ်ထားပြီး ဂျပန်ဘာသာအပြင် အင်္ဂလိပ်နှင့် တရုတ်ဘာသာစကားများကိုပါ သင်ကြားပေးမည်ဖြစ်သည်။ ဂျပန်နိုင်ငံရှိ နိရှိတိုကျိုကျောင်းတွင် ဂျပန်ဘာသာ ဆက်လက်လေ့လာ သင်ယူလိုသူများသည် SKY HOME ၌ လာရောက်သင်တန်းတက်ပါက နိရှိတိုကျိုကျောင်းသို့ တက်ရောက်နိုင်ရေး တိုက်ရိုက်ချိတ်ဆက်ပေးမည်ဖြစ်ပြီး လေးတန်းနှင့်အထက် ကလေးများအတွက်လည်း ဂျပန်နိုင်ငံသင်ရိုးအတိုင်း သင်ကြားပေးမည့် အထူးအစီအစဉ်လည်း ရှိကြောင်းသိရသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း/ဖက်စ် ၀၁-၅၃၅၁၄၄၊ ၀၉-၅၀-၄၈၅၂၀၊ Email-info@skyhome. info @ tokyo-west. com website; www.toyko-west. com တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာယီရေဆက်သွယ်ခွင့် လျှောက်ထားရမည်

ရန်ကုန် ဧပြီ ၂

၁၃၆၉ခုနှစ် မဟာသင်္ကြန်ပွဲတော်ရက်များအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီပိုင် ရေပိုက်၊ အင်းလျားကန်နှင့် ကန်တော်ကြီးကန်တို့မှ ရေကိုဆက်သွယ်ကစားလိုသူများသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (ရေနှင့်သန့်ရှင်းမှုဌာန)သို့ ဧပြီ ၁၂ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ ယာယီရေဆက်သွယ်ရန် ခွင့်ပြုမိန့်လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာများကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှိ မြို့နယ်(ရေ/သန့်) တာဝန်ခံရုံးများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ဒုတိယထပ်ရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ရုံးတို့၌ အခမဲ့ထုတ်ယူနိုင်သည်။

ခွင့်ပြုမိန့်မရရှိဘဲ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်များ၊ အင်းလျားကန်၊ ကန်တော်ကြီးကန်နှင့် အခြားမြေစိုက်ကန်များမှ ရေကိုဆက်သွယ်၍ ရေကစားခြင်းမပြုကြရန်နှင့် ကော်မတီပိုင် မီးသတ်ပိုက်ခေါင်းများမှ ရေကစားခြင်းလုံးဝ (လုံးဝ)မပြုလုပ်ရန်၊ ပြုလုပ်ပါက ဥပဒေစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဘိုးရင်းလေယာဉ်များ အီရတ်ဝယ်ယူမည်

ဘဂ္ဂဒက် ဧပြီ ၂

အီရတ်အစိုးရက အမေရိကန် ဘိုးရင်းလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီနှင့် ကနေဒါမှ ဘုံဘာဒီယာ လေယာဉ်ကုမ္ပဏီနှင့် အမေရိကန် ဒေါ်လာ ၅ဒသမ၉ ဘီလီယံတန်ဖိုးရှိ အနည်းဆုံး လေယာဉ်အစင်း ၅၀ ဝယ်ယူရန် စာချုပ်လိုက်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးက မတ် ၃၁ရက်တွင် ပြောကြားသည်။

အများဆုံးဝယ်ယူ

အီရတ်နိုင်ငံ၏ လေယာဉ်ဝယ်ယူမှုကို ဖေဖော်ဝါရီလက ကြေညာထားခဲ့ပြီး ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ် နောက်ပိုင်း ပထမဆုံး လေယာဉ်အများဆုံး ဝယ်ယူမှုဖြစ်သည်။

စတင်ခဲ့

အီရတ်နိုင်ငံသည် ၂၀၀၃ခုနှစ်က အမေရိကန် ဦးဆောင်သောစစ်ပွဲတွင် အများဆုံး ပျက်စီးသွားသော ၄င်း၏ လေယာဉ်အုပ်စုကို ပြန်လည်ဖွဲ့စည်းတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။ အီရတ်နိုင်ငံက ၂၀၀၄ခုနှစ်တွင် နိုင်ငံတကာ လေကြောင်းပျံသန်းမှုများ စတင်ခဲ့သည်။

သဘောတူစာချုပ်

စာချုပ်အရ အီရတ်နိုင်ငံသည် ဘိုးရင်းခရီးသည်လေယာဉ် ၇၃၇နှင့် ၇၈၇ အမျိုးအစား အစင်း၄၀ ဝယ်ယူရန် သဘောတူညီထားပြီး နောက်ထပ် ၁၅စင်းလည်း ထပ်မံဝယ်ယူခွင့်ရှိသည်။ ယင်းအစိုးရသည် ကနေဒါ လေယာဉ်ကုမ္ပဏီ ဘုံဘာဒီယာမှ အမေရိကန် ဒေါ်လာသန်း ၄၀၀တန်ဖိုးရှိ ဂျက်လေယာဉ် ၁၀စင်းဝယ်ယူရန် သဘောတူ စာချုပ်ထား သည်။

စီစဉ်ထား

အီရတ်အမျိုးသား လေယာဉ်လိုင်းက ယခုအခါ အိမ်နီးချင်းနိုင်ငံများသို့ ပျံသန်းပြေးဆွဲလျက် ရှိသည်။ အရှေ့အလယ်ပိုင်း၊ တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံများသို့ လေကြောင်း တိုးချဲ့ပျံသန်းပြေးဆွဲရန် စီစဉ်ထားသည်။

အီရတ်နိုင်ငံက လေယာဉ်များ ဝယ်ယူရေး စီစဉ်ထားသည်။ ၂၀၁၉ ခုနှစ်တွင် မှာယူတည်ဆောက်သော လေယာဉ်များ အားလုံး ဝယ်ယူကြမည်ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အီတလီနိုင်ငံ အလယ်ပိုင်း ဖလော်ရင့်မြို့၌ လေကြောင်းစွမ်းရည်ပြသပွဲတွင် လေယာဉ်များ သရုပ်ပြပျံသန်းနေသည်ကို ဧပြီ၂ရက်က ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်တရားသူကြီးချုပ်ဟောင်း ဇာတိမြို့အပြန်သောင်းသောင်းဖြဖြကြိုဆို

ကွက်တာ ဧပြီ ၂

ပါကစ္စတန်နိုင်ငံ၏ တရားသူကြီးချုပ်ရာထူးမှ ဖယ်ရှားခံရသူ မစ္စတာချောက်ဒရီသည် ဘလူချီစတန်ပြည် နယ်တောင်ပိုင်းမှ သူ့ဇာတိမြို့ ကွက်တာသို့ ရောက်ရှိလာရာ ရာပေါင်းများစွာသော တရားသူကြီးများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ဖယ်ရှား

ပါကစ္စတန်သမ္မတ မူရှာရက်ဖ်သည် နိုဝင်ဘာလတွင် အရေးပေါ် အုပ်ချုပ်ရေး ကြေညာသည့် တစ်ချိန်တည်းမှာပင် နိုင်ငံတော်တရားသူကြီးချုပ် ချောက်ဒရီနှင့် အခြားတရားသူကြီး ၆၀ခန့်ကို ရာထူးမှ ဖယ်ရှားခဲ့ခြင်း ဖြစ်သည်။

အကျယ်ချုပ်

အစ္စလမ္မာဘတ်မြို့တော်ရှိ ၄င်း၏ နေအိမ်တွင် အကျယ်ချုပ်ချခံထားရပြီး လွန်ခဲ့သည့် ရက်သတ္တပတ်ကမှ လွတ်လာပြီး နောက် ယခုခရီးစဉ်သည် မြို့တော်မှ ပထမဆုံးအပြင်သို့ ထွက်လာခြင်းဖြစ်သည်။

အမိန့်ပေး

သို့သော် မစ္စတာချောက်ဒရီအား အကျယ်ချုပ်ချထားခြင်းမှ ပြန်လွတ်ပေးရန်ဝန်ကြီးချုပ်သစ် မစ္စတာဂီလာနီက အမိန့်ပေးလိုက်သည်။

(အင်တာနက်)

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ ဘာဆက်မြစ်ကမ်းတွင် ရေတိုက်စားခံရမှုကြောင့် အိမ်များမြစ်တွင်းသို့ ပြိုကျနေသည့် မြင်ကွင်းကို ဧပြီ၂ရက်က ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၄၀၁၀ရှိသွားပြီ

ဘဂ္ဂဒက် ဧပြီ ၂

အီရတ်နိုင်ငံ၌ မတ်၃၀ရက်က တိုက်ခိုက်မှုများတွင် အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က မတ် ၃၁ရက်တွင် ကြေညာသည်။

ဘဂ္ဂဒက်မြို့တော် မြောက်ဘက်တွင် မတ်၃၀ရက်ညနေ ၅နာရီက တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်ကို လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အလားတူပင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးမှာ အီရတ်အနောက်ပိုင်း အန်ဘာပြည်နယ်အတွင်း လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရသည့် မော်တော်ယာဉ်အတွင်း လိုက်ပါလာစဉ် ထိမှန်သေဆုံးခြင်း ဖြစ်သည်။

၄င်းတို့နှစ်ဦးနှင့်ဆိုလျှင် အီရတ်၌ ၂၀၀၃ခုနှစ်က အမေရိကန်ဦးဆောင်သည့် တပ်များကျူးကျော်ပြီး ကတည်းက သေဆုံးသူအမေရိကန် တပ်ဖွဲ့ဝင်စုစုပေါင်း ၄၀၁၀ ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂါဇာမြို့တွင် အစ္စရေးတပ်များက တိုက်ခိုက် ဟားမတ်စ်အဖွဲ့ဝင် နှစ်ဦးသေဆုံး

ဂါဇာ ဧပြီ ၂

ဂါဇာကမ်းမြောင်ဒေကို အစ္စရေးတပ်များက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ ဟားမတ်စ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းနှင့် အစ္စရေးတာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

အစ္စရေးမြေပြင်တပ်များက ဟားမတ်စ်လက်နက်ကိုင်တပ်ဖွဲ့ဝင် နှစ်ဦးအား ပစ်ခတ်ခဲ့ကြောင်း အတည်ပြုပြောကြားသည်။

ဒဏ်ရာရရှိ

ပါလက်စတိုင်း ဆေးတပ်များကလည်း စစ်သွေးကြွတပ်ဖွဲ့ဝင်နှစ်ဦး တိုက်ပွဲ၌သေဆုံးသွားခဲ့ကြောင်း၊ အရပ်သားနှစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း ပြောကြားသည်။

ပြုလုပ်

အစ္စရေးတပ်များသည် ဂါဇာကမ်းမြောင်ဒေသမှ ပါလက်စတိုင်းစစ်သွေးကြွများ ဒုံးကျည်များဖြင့် ပစ်ခတ်မှု လျော့ပါးစေရန်အတွက် မှန်မှန်တိုက်ခိုက်မှုများ ပြုလုပ်လာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိုလံပစ် အားကစားပွဲ ဆေးလိပ်သောက်ခြင်း တရုတ်၌ လျှော့ချမည်

ပေကျင်း ဧပြီ ၂

တရုတ်နိုင်ငံတွင် ပေကျင်းအိုလံပစ်အားကစားပွဲကို မီးခိုးကင်းလွတ်သော ပွဲအဖြစ် စီစဉ်ကျင်းပပေးရန် ကတိပေးထားမှုအရ မေလမှ စတင်ကာ အများပြည်သူစုဝေးရာ နေရာများတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်သွားမည်ဖြစ်ကြောင်း မြို့တော်တရားရေးဆိုင်ရာရုံး၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ဒေသဆိုင်ရာမီဒီယာများက ဧပြီ ၁ရက်တွင် သတင်းထုတ်ပြန်သည်။

ခြွင်းချက်

အသစ်ပြဋ္ဌာန်းထားသော ယင်းဥပဒေအရ မေ ၁ရက်မှစတင်ကာ အစိုးရရုံးများနှင့် ပြည်သူ့ပို့ဆောင်ရေးလုပ်ငန်းများတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်မည်ဖြစ်ကြောင်း၊ သို့သော်လည်း စားသောက်ဆိုင်များ၊ ဘားများနှင့် ကလပ်များတွင် ခြွင်းချက်အဖြစ် ခွင့်ပြုမည်ဖြစ်ကြောင်း ပေကျင်း မောနင်းပို့စ်သတင်းတွင် ဖော်ပြသည်။

တားမြစ်

ဆေးလိပ်သောက်ခြင်းကို မြို့တော်ရှိ ပြည်သူများနှင့် ဆိုင်သောနေရာများတွင် တားမြစ်ခဲ့ပြီးဖြစ်ကြောင်း၊ သို့သော်လည်း ယင်းစည်းကမ်းများသည် ပုံမှန်လုပ်ရိုးလုပ်စဉ်အဖြစ်သာ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ခွင့်ပြု

အသစ်ပြဋ္ဌာန်းထားသော စည်းကမ်းချက်များအရ ဆေးလိပ်သောက်ခြင်းကို အားကစားရုံများ၊ ကျန်းမာ ကြံ့ခိုင်ရေး ဇာတိုခန်းမများတွင် တိုးချဲ့ ပိတ်ပင်ခဲ့ကြောင်း၊ သို့သော်လည်း ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် စားသောက်ဆိုင်များ၊ ယမကာဆိုင်များ၊ ကလပ်များနှင့် ပန်းခြံများတွင် ခွင့်ပြုထားကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။

ယခုစည်းကမ်းချက်သစ်များသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အိုလံပစ်အားကစားပွဲတော်ကို မီးခိုးငွေ့ကင်းစင်စွာ ကျင်းပနိုင်ရေး ကတိပေးထားမှုကို ဖြည့်ဆည်းပေးနိုင်မည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့ မြောက်ဘက် မိုင် ၉၈၀အကွာရှိ အန်တိုဖာဂတ်စတာမြို့အနီးရှိ ကမ္ဘာ့ကြေးနီအများဆုံး ထုတ်လုပ်နိုင်သည့် အက်စ်ကွန်ဒီဒါ ကြေးနီတူးဖော်ရေးလုပ်ငန်းခွင်ကို ဧပြီ ၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ကမ္ဘာအဆုံးရောက်ရင် ....

အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို ချစ်ရေးဆိုသည့် စကားများပြောလေသည်။

အမျိုးသား ။ ။ မင်းနဲ့ဆို ကမ္ဘာအဆုံးအထိ အတူသွားရဲတယ်။
အမျိုးသမီး ။ ။ ဟုတ်ပါပြီ။
အဲဒီကမ္ဘာအဆုံးရောက်ရင် ဘယ်မှာသွားနေမလဲ။
အမျိုးသား ။ ။ အဲဒီအချိန်ရောက်ရင်...။
အမျိုးသမီး ။ ။ ကဲ-ပြောပါဦး။
အမျိုးသား ။ ။ အဲဒီအချိန်ရောက်ရင်... မင်းကိုပြောမှာပေါ့။
"အချစ်ရယ် ကိုယ်ဘယ်မှာနေရမလဲလို့"
အမျိုးသမီး ။ ။ "ဘာပြောတယ်"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ ကမ်းလွန်၌ ဧပြီ ၂ ရက်က ဝေလငါးကြီး တစ်ကောင်သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရာ အဆိုပါဝေလငါးကြီးမှာ သြစတြေးလျ၌ ဖမ်းမိရသမျှ ဝေလငါးများတွင် အကြီးဆုံးဖြစ်ကြောင်းသိရသည်။**(အောက်ပုံ)**

➢ **မက္ကဆီကိုနိုင်ငံ မြောက်ပိုင်း မွန်တာရီမြို့၌ ဧပြီ ၂ ရက်ကဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်ပွားရာ ကလေးငယ်သုံးဦးအပါအဝင် ခုနစ်ဦးအပြင်းအထန်ဒဏ်ရာရရှိသွား သည်။**

■ အမေရိကန်နိုင်ငံ ဗားမောင့်မြို့အနီး အဝေးပြေးကားလမ်းပေါ်၌ ဧပြီ၂ရက်က ဘတ်စ်ကားတစ်စီး အရှိန်လွန် တိမ်းမှောက်ခဲ့ရာ တောင်ကိုရီးယားခရီးသွား ဧည့်သည် ၁၉ဦး ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည်။

➢ **တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်ကမ်းလွန်၌ ဧပြီ ၂ရက်က ငါးဖမ်း သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ တစ်ဦးပျောက်ဆုံးပြီး ကျန်သင်္ဘောသားငါးဦးကို ကယ်ဆယ်နိုင်ခဲ့သည်။**

■ နာဆာကနိုင်ငံအာကာသယာဉ်စခန်းသို့ မေ ၂၅ရက်၌ စေလွှတ်မည့် ဒစ္စကာဗာရီ အာကာသယာဉ်အား လောင်စာကန်ချွတ်ယွင်းမှုကြောင့် မေ ၃၁ရက်သို့ ပြောင်းရွှေ့လိုက်ကြောင်း နာဆာကသတင်းထုတ်ပြန် သည်။

➢ **အီကွေဒေါနိုင်ငံကွိုင်တိုမြို့အနီးဝန်းကျင်ဒေသများ၌ ဧပြီ ၂ရက်က အပူချိန် ၁၁၀ ဒီဂရီဖာရင်ဟိုက်အထိမြင့်တက်ပြီး အပူလှိုင်းကျရောက်ခဲ့ရာ ငါးဦး သေဆုံးခဲ့သည်။**

■ ပီရူး နိုင်ငံတောင်ပိုင်း တီတီကာကာ ရေအိုင်ကြီးအနီး မြေအောက်မှ ဧပြီ ၂ ရက်တွင် ရှေးနှစ်ပေါင်း ၄၀၀၀ ခန့်က အသုံးပြုခဲ့သော ရွှေဆွဲကြိုးတစ်ကုံးကို တွေ့ရှိခဲ့ကြောင်း သုတေသနပညာရှင်များက တွေ့ရှိကြောင်း ပြောကြားခဲ့သည်။ **(ယာပုံ)**



ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂-၄-၂၀၀၈

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်း တန့်နေ

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်းများတန့်နေကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)မှ အရာရှိများက ပြောကြားသည်။

နယူးယောက်ဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၂ဒေါ်လာ၌ တန့်နေကြောင်း အဆိုပါ ဈေးနှုန်းမှာပြီးခဲ့သည့် သီတင်းပတ်ကထက် များစွာ လျော့နည်းသွားသော ဈေးနှုန်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ကမ္ဘောဒီးယားနှင့်ကာတာ တိုက်ရိုက်လေယာဉ်ပျံသန်းမည်

ကမ္ဘောဒီးယားနှင့် ကာတာနိုင်ငံတို့အနေဖြင့် တိုက်ရိုက်လေကြောင်းပျံသန်းရေး နှစ်နိုင်ငံအရာရှိများက နားလည်မှုအချွန်လွှာ လက်မှတ်ရေးထိုးလိုက်သည်။

ထိုသို့ တိုက်ရိုက်လေယာဉ်ပျံသန်းမှု၌ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်အပြည်ပြည် ဆိုင်ရာလေဆိပ်မှ ကာတာနိုင်ငံ ကာတာအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ တိုက်ရိုက်ပျံသန်း မည်ဖြစ်သည်။

တရုတ်လုပ် ခရီးသည်တင် လေယာဉ်နှစ်စင်း ဘိုလီးဘီးယားသို့ လွှဲပြောင်းပေးမည်

တရုတ်နိုင်ငံထုတ် ခရီးသည်တင်လေယာဉ်နှစ်စင်းကို ဘိုလီးဘီးယားနိုင်ငံသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း တရုတ်လေကြောင်းအရာရှိများက ပြောကြားသည်။

အဆိုပါ ခရီးသည်တင် လေယာဉ်နှစ်စင်းမှာ စင်ကျို့ ၆၀ အမျိုးအစားဖြစ်ပြီး ခေတ်မီနည်းစနစ်များတပ်ဆင်ထားသည့်အပြင် ခရီးသည်အရေအတွက် ၅၀ မှ ၆၀ အထိ တင်ဆောင်ပျံသန်းနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ရုရှား-စင်ကာပူ စီးပွားရေးဖိုရမ် စတင်

ရုရှားနှင့် စင်ကာပူနှစ်နိုင်ငံတို့၏ စီးပွားရေးဖိုရမ်ကို စင်ကာပူ၌ စတင်ဖွင့်လှစ် လိုက်ကြောင်း စင်ကာပူအရာရှိများက ပြောကြားသည်။

အဆိုပါ ဖိုရမ်သို့ အာရှနိုင်ငံများမှ လေ့လာသူကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်း ၆၀၀ တက်ရောက်လျက်ရှိပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးကြကြောင်း စင်ကာပူအရာရှိများက ဆက်လက် ပြောကြားသည်။

ရွှေဈေးနှုန်း ဆက်လက် ကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်း ဆက်လက်ကျဆင်းလျက်ရှိကြောင်း ဟောင်ကောင် ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်ဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၃၄ ဒသမ ၈၉ဒေါ်လာအထိ ကျဆင်းလျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အာဖဂန်တောင်ပိုင်း၌ ဗုံးကွဲမှု အရပ်သားသုံးဦး သေဆုံး

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် နေတိုးတပ်ဖွဲ့များ၏ လေကြောင်းမှတိုက်ခိုက်မှုကြောင့် အရပ်သားသုံးဦး သေဆုံးသွားကြောင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က ပြောကြား သည်။

အဆိုပါတိုက်ခိုက်မှုမှာ ကန်ဒါဟာပြည်နယ်တောင်ပိုင်း ပန်ဂျဝီခရိုင်အတွင်း ဖြစ်ပြီး နေတိုးလေယာဉ်များက ဗုံးများကြဲချခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြား သည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးအနည်းငယ်မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်လာကြောင်း အမေရိကန်ငွေကြေးလုပ်ငန်းရှင်များက ပြောကြားသည်။

အမေရိကန်ဒေါ်လာသည် ဂျပန်ဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာလျှင် ယန်း၁၀၀ရှိနေပြီး နယူးယောက်ဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာလျှင် ၉၉ဒသမ၆၅ ဒေါ်လာရှိလာသည်။

ပါကစ္စတန် တောင်ပိုင်း၌ တိုက်ပွဲဖြစ်ပွား

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်တွင် တိုက်ပွဲဖြစ်ပွားရာ သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုမှာ လက်နက်ကိုင်တိုက်ခိုက်ရေးအဖွဲ့များ အချင်းချင်း တိုက်ပွဲဖြစ်ပွားခြင်းဖြစ်ပြီး ဒေသခံများ သေဆုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

သူတို့အတွေးနှင့် အမြင်

⁎ ***Character training begins in our infancy and continues until death.***

အကျင့်စာရိတ္တကို ငယ်စဉ်ကလေးဘဝမှ သေဆုံးသည့်တိုင်အောင် လေ့ကျင့်ပေးနေရမည်။

ရုစဗဲ့(သမ္မတ)

* ***The tongue breakth bone, although the tongue itself has none.***

လျှာသည် ၎င်း၌ အရိုးမရှိသော်လည်း အရိုးများကိုကျိုးစေသည်။

ဗွန်ဝိုင်ကာလစ်ဖ် (လူမှုပြုပြင်ပြောင်းလဲရေးသမား)

အသေးငယ်ဆုံး နော်ရူသမ္မတနိုင်ငံ

သတင်းအက်ဆေး

နော်ရူသမ္မတနိုင်ငံသည် ပစိဖိတ်ဒေသအနောက်ပိုင်းတွင်တည်ရှိသည်။ နော်ရူကျွန်းသို့ ပထမဆုံးရောက်ရှိသူဥရောပတိုက်သားများက ကျွန်းသာယာဟု အမည်ပေးသည်။ ဤနိုင်ငံသည် ကမ္ဘာပေါ်တွင် အငယ်ဆုံးသမ္မတနိုင်ငံ ဖြစ်သည်။ လူဦးရေ ၁၀၀၀၀ရှိပြီး နိုင်ငံအကျယ်အဝန်းမှာ ၂၁စတုရန်းကီလိုမီတာရှိသည်။

တွေ့ရှိ

ဤကျွန်းကို ဗြိတိသျှရေကြောင်းပြွန်ဖမ်းက နယူးဇီလန်နိုင်ငံမှ တရုတ်ပင်လယ်သို့ အသွား တွေ့ရှိသည်။ ၁၈၈၈ခုနှစ်တွင် ဂျာမနီက ဤကျွန်းကို မာရှယ်ကျွန်းစု အထိန်းသိမ်းခံနိုင်ငံအတွင်းသို့သွင်းလိုက်သည်။

ခွဲဝေယူ

၁၉၀၀ ပြည့်နှစ်တွင် ဗြိတိန်ကုမ္ပဏီက နော်ရူကျွန်းတွင် မီးစုန်းသတ္တုသိုက်ကို တူးဖော်တွေ့ရှိသည်။ ၁၉၀၆ခုနှစ်တွင် မီးစုန်းတူးဖော်မှုလုပ်ငန်း စတင်ပြီး အမြတ်ကို ဗြိတိန်နှင့် ဂျာမနီကုမ္ပဏီတို့ ခွဲဝေ ယူကြသည်။ ၁၉၁၄ခုနှစ်တွင် နော်ရူကျွန်းကို သြစတြေးလျတပ်များသိမ်းသည်။

သေဆုံး

၁၉၄၂-၄၅ခုနှစ် ဂျပန်တပ်များသိမ်းပြီး လူဦးရေ၏ သုံးပုံတစ်ပုံခန့်ဖြစ်သည့် လူ၁၂၀၀ကို ချွေးတပ်ဆွဲပြီး မိုက်ခရိုနီးရှားသို့ ပို့သည်။ လူ ၅၀၀အထိ အစာငတ် သို့မဟုတ် ဗုံးကြဲခံရမှုကြောင့်သေဆုံးသည်။

အဖွဲ့ဝင်နိုင်ငံဖြစ်လာ

၁၉၆၇ခုနှစ်တွင် မီးစုန်းတူးဖော်ရေးလုပ်ငန်းကို နော်ရူနိုင်ငံကဦးစီးခွင့်ရရှိသည်။ ၁၉၆၈ခုနှစ်တွင် လွတ်လပ်ရေးရပြီး နော်ရူသမ္မတနိုင်ငံဖြစ်လာသည်။ ပထမဆုံးသမ္မတမှာ ဟမ်းမားဒီရိုဘတ်ဖြစ်သည်။ ၁၉၆၉ခုနှစ်တွင် နေသဟာယ အဖွဲ့ဝင်ဖြစ်လာပြီး ၁၉၉၉ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။

၂၀၀၁ခုနှစ်တွင် သြစတြေးလျနိုင်ငံသို့ တရားမဝင်လာရောက်သူများအား ဖမ်းဆီးပြီး နော်ရူနိုင်ငံသို့နေထိုင်စေသဖြင့် ၂၀၀၂ခုနှစ်တွင် ခိုလှုံသူ ၁၀၀၀အထိရှိလာသည်။

ပေးပို့

၂၀၀၁ခုနှစ် ဩဂုတ်လတွင် သြစတြေးလျနိုင်ငံသို့ ခိုးဝင်သူများကို သြစတြေးလျ ကိုယ်စား နော်ရူနိုင်ငံက လက်ခံသည်။ ၂၀၀၂ခု ဇွန်လတွင် ခိုလှုံသူ ၁၀၀၀အထိရှိလာပြီး၊ ၂၀၀၃ခုနှစ် ဒီဇင်ဘာလတွင် နော်ရူရှိ သြစတြေးလျကမ်းလွန် အကျဉ်းစခန်းမှ ခိုလှုံခွင့်တောင်းသူအချို့က အစာငတ်ခံဆန္ဒပြသည်။ သြစတြေးလျနိုင်ငံက ၂၀၀၇ခု မတ်လတွင် ခိုလှုံခွင့်တောင်းသည့် သီရိလင်္ကာနိုင်ငံသားများကို နော်ရူနိုင်ငံသို့ပေးပို့သည်။

ရွေးချယ်ခံရ

၂၀၀၃ခုနှစ် ဇန်နဝါရီတွင် ဒိုင်ဝီယိုဂို သမ္မတဖြစ်လာပြီး ထိုနှစ်မတ်လတွင် ကွယ်လွန်သည်။ မေလတွင် လုဝစ်စကော့တီ သမ္မတအဖြစ် ရွေးချယ်ခံရသည်။ သို့သော် အယုံအကြည်မရှိအဆိုကို ရှုံးနိမ့်ကာ ရာထူးလက်လွှတ်လိုက်ရသည်။ ထိုနှစ် ဩဂုတ်လတွင် ဟားရစ်သမ္မတအဖြစ် ရွေးချယ်ခံရသည်။

ရွေးကောက်ပွဲပြုလုပ်

၂၀၀၄ခု ဇွန်လတွင် အယုံ အကြည် မရှိအဆို ရှုံးနိမ့်ပြီး ရာထူးမှနုတ်ထွက်သည်။ လုဝစ်စကော့တီသမ္မတအဖြစ် ရွေးချယ်ခံရသည်။ ထိုနှစ်အောက်တိုဘာလတွင် ရွေးကောက်ပွဲပြုလုပ်သည်။ လုဝစ်ကော့တီ ပြန်လည်အရွေးခံရသည်။

လက်ခံ

အမတ် ၁၈ဦးပါသည့် ပါလီမန်၌ သမ္မတလုဝစ်စကော့တီအား အယုံအကြည် မရှိအဆိုတင်သည့်အခါ ရှုံးနိမ့်ပြီး ရာထူးမှ နုတ်ထွက်ပေးရပြန်သည်။ ၂၀၀၇ခုနှစ် ဒီဇင်ဘာလတွင် မာကတ်စတီပင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံ သည်။



နော်ရူသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတမာကတ်စတီဗင်သည် နိုင်ငံအကြီးအကဲ ဖြစ်သကဲ့သို့ အစိုးရအဖွဲ့ အကြီးအကဲလည်းဖြစ်သည်။

သာယာလာမည်

တစ်ချိန်က ဤနိုင်ငံသည် အရွယ်အစားနှင့်မမျှအောင်ပင် နိုင်ငံသား တစ်ဦးချင်း၏ ဝင်ငွေမှာ မြင့်မားခဲ့သည်။ သို့သော် ယခုအခါတွင် ဖော့စဖရပ်မီးစုန်းများ ကုန်ခန်းလု နီးပြီဖြစ်သဖြင့် နိုင်ငံသားများမှာ အနာဂတ်တွင် ဝင်ငွေရရှိရန် တစ်ခုခု ရှာကြံရမည် ဖြစ်သည်။ ခရီးသွားလုပ်ငန်း၊ ကမ်းလွန်ဘဏ်လုပ်ငန်းတို့ သည် ဦးစားပေး လုပ်ငန်းများတွင် ပါဝင်သည်။ လုပ်ငန်း အောင်မြင်လျှင် အမည်နှင့်လိုက်အောင်သာယာလာမည် ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

တိုး-ရေးသားသည်

ဤနိုင်ငံသည် ကမ္ဘာပေါ်တွင် အငယ်ဆုံးသမ္မတ နိုင်ငံဖြစ်သည်။ လူဦးရေ ၁၀၀၀၀ရှိပြီး နိုင်ငံ အကျယ်အဝန်းမှာ ၂၁စတုရန်းကီလို မီတာရှိ။

ပါကစ္စတန် ချုကလီးယား စွန့်ပစ်ပစ္စည်းများ အာဖဂန်တွင် စုပြုံရောက်ရှိနေ

ကဘူးလ် ဧပြီ ၂

ပါကစ္စတန်နိုင်ငံမှ စွန့်ပစ်နျူကလီးယားပစ္စည်းများ တာလီဘန်ခေတ်ကာလအတွင်း အာဖဂန်နစ္စတန်နိုင်ငံသို့ စုပြုံရောက်ရှိလာကြောင်း ဧပြီ ၂ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

တွေ့ရ

အဆိုပါ နျူကလီးယားစွန့်ပစ် ပစ္စည်းများသည် အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တောင်ပိုင်းနှင့် ဟယ်မန်ပြည်နယ်တို့၌ မြှုပ်နှံထားသည်ကို တွေ့ရကြောင်း ပါလီမန်ဝန်ကြီး ဖာရွတ်ဝါဒက်က ပြောကြားသည်။

ပြောကြား

နျူကလီးယားစွန့်ပစ်ပစ္စည်းများ အာဖဂန်နစ္စတန်နိုင်ငံအတွင်း မည်သို့စုပြုံရောက်ရှိလာသည်ကိုမသိရကြောင်း အဆိုပါဝန်ကြီးက ပြောကြားသည်။

စုံစမ်းစစ်ဆေး

အာဖဂန်အစိုးရက ထိုကိစ္စကို စုံစမ်းရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းလျက် စုံစမ်းစစ်ဆေးသွားမည်ဟု ဆိုသည်။

အတည်မပြု

ယင်းအစိုးရက စွပ်စွဲမှုနှင့်ပတ်သက်ပြီး ပါကစ္စတန်အစိုးရက အတည်မပြုနိုင်ဘဲရှိသည်။ **(အင်တာနက်)**

အိုဘားမားနှင့် ဟီလာရီအပြိုင်မဲဆွယ်စည်းရုံး၊ ဟီလာရီသမ္မတဖြစ်ရန် ဘွားဘွားတို့ဆန္ဒရှိ

ဝါရှင်တန် ဧပြီ ၂

အမေရိကန်သမ္မတရွေးကောက်ပွဲကို နိုဝင်ဘာလဆန်း၌ ကျင်းပသည့်အခါ ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းဖြစ်ရေးအတွက် အထက်လွှတ်တော်အမတ် ဟီလာရီနှင့် အထက်လွှတ်တော်အမတ် အိုဘားမားတို့ (အောက်ပုံ) **အကြိတ်အနယ် မဲဆွယ်စည်းရုံးလျက်ရှိသည်။ ရီပတ်ဘလီကင်ပါတီမှ အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည်သာ ပြိုင်ဘက်မရှိ ယခုအခါ အသက်ရှုပေါက် ရရှိနေပြီဖြစ်သည်။**

ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်းများ အားတက်သရော ရှိသကဲ့သို့ မဲဆန္ဒနှင့် အမေရိကန်ပြည်သူများကလည်း မိမိဆန္ဒရှိသူ အနိုင်ရရေးအတွက် စိတ်ဝင်တစား အားတက်သရော ရှိကြကြောင်း သတင်းသမားများက တွေ့ရှိမှတ်တမ်းတင်ထားကြသည်။

မြောက်ကယ်ရိုလိုင်းနား ပြည်နယ် ဝင်စတန်စကင်မြို့၌ ဧပြီ ၁ ရက်က ဟီလာရီကလင်တန်၏ မဲဆွယ်စည်းရုံးသည့် ဟောပြောပွဲသို့ တက်ရောက်လာကြသူများတွင် သက်ကြီးရွယ်အိုများကို တွေ့ရသည်မှာ အံ့သြစရာပင်ဖြစ်သည်။

ပြောကြား

ဘွားဘွားလူစီလိုက်ဘီနောင်း(၈၅-နှစ်) နှင့်ဘွားဘွား ဒေါ်ရသီဝေါတား (၈၅-နှစ်) တို့နှစ်ဦးကို ပရိသတ်အတွင်း၌ တွေ့ရသည်။ သူတို့နှစ်ဦးစလုံးက ဟီလာရီ စကားပြောသည်ကို ကြားချင်မြင်ချင်၍ မြို့တက်လာကြကြောင်း ပြောကြားသည်။

ရှင်းပြ

နှစ်ဦးစလုံးမှာ မောင့်အဲရီကျေးရွာမှဖြစ်ပြီး ဘတ်စ်ကားစီးလာကြခြင်းဖြစ်သည်။ မဲဆွယ်ဟောပြောပွဲပြီးဆုံး၍ နေအိမ်ပြန်ရန် အခက်တွေ့ရသည်။ ဘတ်စ်ကားမှာ ညနေလေးနာရီခွဲတွင်သိမ်းသွားပြီဖြစ်သည်ဟု ဘွားဘွား ဒေါ်ရသီဝေါတားက ရှင်းပြသည်။

ဘာကြောင့် ယင်းသို့ တကူးတက လာကြသနည်းဟူသော မေးခွန်းကို သူတို့က ဟီလာရီကို မြင်တွေ့လိုကြပါသည်ဟု ဘွားဘွား လူစီလိုက်ဘီနောင်းက ဖြေကြားပြီး ဟီလာရီကို သမ္မတ သိပ်ဖြစ်စေချင်ကြပါသည်ဟု ထည့်သွင်းပြောကြားသည်။

ဖြည့်စွက်

ကျွန်မကတော့ ဟီလာရီ ပထမဆုံး အမျိုးသမီးသမ္မတ ဖြစ်စေချင်လှပါသည်ဟု ဘွားဘွား ဒေါ်ရသီဝေါတားကလည်း ဖြည့်စွက်ပြောကြားလိုက်သည်။

မျှော်လင့်ရ

ဟီလာရီနှင့် အိုဘားမားတို့၏ စည်းရုံးရေးခရီးစဉ်မှာ မေဖြရက် အင်ဒီယားနားနှင့်မြောက်ကာရိုလိုင်းနားပြည်နယ် အကြိုရွေးကောက်ပွဲမတိုင်မီ နောက်တစ်ကြိမ် ထပ်မံရောက်လာကြမည်ဟု မျှော်လင့်နေကြသည်။ **(အင်တာနက်)**

ဇင်ဘာဘွေသမ္မတရွေးကောက်ပွဲ သမ္မတမူဂါဘီ၏ပါတီရှုံးနိမ့်သွားပြီ

ဟာရာရေး ဧပြီ ၂

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီ၏ ဇာနု-ပီအက်ဖ်ပါတီသည် ပါလီမန် ရွေးကောက်ပွဲ၌ ရှုံးနိမ့်သွားပြီဖြစ်ကြောင်း ဇင်ဘာဘွေရွေးကောက်ပွဲ ကော်မရှင်က ဧပြီ ၂ရက်တွင် ကြေညာသည်။

ပြောကြား

မစ္စတာမူဂါဘီ၏ပါတီသည် အမတ်နေရာ ၂၀၇နေရာရှိရာတွင် ၉၄နေရာသာ ရရှိပြီး အတိုက်အခံပါတီက အမတ်နေရာ ၁၀၅နေရာရရှိကြောင်း ရွေးကောက်ပွဲကော်မရှင်ရုံးက ပြောကြားသည်။

ရွေးကောက်ပွဲရလဒ်

ရွေးကောက်ပွဲ ကော်မရှင်က အမတ်နေရာ ခုနစ်နေရာအတွက်သာ ကြေညာရန်ရှိတော့သည်။ ဇာနု-ပီအက်ဖ်ပါတီသည် ရွေးကောက်ပွဲရလဒ် အားလုံးကြေညာပြီးသည့်တိုင်အောင် အနိုင်မရနိုင်တော့ဟုဆိုသည်။

ရွေးကောက်ပွဲရလဒ်ကို သတင်းစာများ၌ ဖတ်ရှုနေကြသည့် ဇင်ဘာဘွေပြည်သူများ။

(အင်တာနက်ဓာတ်ပုံ)

အတိုက်အခံပါတီ အမ်ဒီစီက ၄င်းတို့၏ ခေါင်းဆောင်သည် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရပြီး ဖြစ်ကြောင်း ပြောကြားသည်။ သို့သော်လည်း တရားဝင်ရလဒ်များကို ထုတ်ပြန်ခြင်း မရှိသေးဟု ဆိုသည်။ **(အင်တာနက်)**

ထိုင်းတောင်ပိုင်း ဗုံးခွဲတိုက်ခိုက်မှု လူ ၁၀ဦး ဒဏ်ရာရရှိ

ဗန်ကောက် ဧပြီ ၂

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်၌ မတ် ၃၁ရက်က အကြမ်းဖက်သမားများသည် ဗုံးတစ်လုံးဖောက်ခွဲခဲ့ရာ ထိုင်းတပ်ဖွဲ့ဝင်ခြောက်ဦးနှင့် အရပ်သားသုံးဦး ဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ထိုစဉ်အတွင်း တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင် ၂၁ဦးအနက် ခြောက်ဦးသည် သေနတ်ဖြင့်ပစ်ခတ်ရာနေရာသို့ သွားရောက်စစ်ဆေးစဉ် ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ၄င်းတပ်ဖွဲ့ဝင်ခြောက်ဦးနှင့် အနီးအနားတွင်ရှိသော ယောကျ်ားလေးနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးဒဏ်ရာရရှိသွားကြောင်း သတင်းတွင် ဖော်ပြသည်။

တိုက်ခိုက်

အဆိုပါဗုံးမှာ သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာအနီး သဲထဲတွင်မြှုပ်နှံထားခဲ့ပြီး အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုင်းနိုင်ငံတောင်ဘက် အစွန်အဖျား ပြည်နယ်သုံးခုဖြစ်သည့် ပတ္တနီ၊ နာရာသီဝပ်နှင့် ယာလာပြည်နယ်များသည် ၂၀၀၄ခုနှစ်မှစပြီး အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ လူပေါင်း၃၀၀၀ကျော် သေဆုံးခဲ့ပြီ ဖြစ်ကြောင်းသိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဟီးသရိုးလေဆိပ် ဝန်စည်စလယ်စနစ် မှားယွင်းမှု နိုင်ငံခြားရေးဝန်ကြီးတစ်ဦး၏အိတ်များပါ ပျောက်ဆုံးနေ

လန်ဒန် ဧပြီ ၂

အမည်မဖော်လိုသူ အီးယူနိုင်ငံခြားရေးဝန်ကြီးတစ်ဦးသည် လန်ဒန်မြို့ ဟီးသရိုးလေဆိပ်သစ်၌ ခရီးသည် ဝန်စည်စလယ်များ အကြားတွင် အလုပ်များနေကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်မီလီဘန်းက ပြောကြားလိုက်သည်။

ပျောက်ဆုံး

အဆိုပါဝန်ကြီးသည် ဆလိုဗေးနီးယားသို့ အစည်းအဝေးတက်ရောက်ရန် အသွား ဟီးသရိုးလေဆိပ်၌ ခရီးသည် ဝန်စည်စလယ်ပို့ဆောင်မှုစနစ် မှားယွင်းမှုကြောင့် အိတ်များ ပျောက်ဆုံးနေကြောင်း မစ္စတာမီလီဘန်းက သတင်းထောက်များအား ပြောကြားသည်။

ဆလိုဗေးနီးယားသို့ သွားရောက်ရန် ဟီးသရိုးလေဆိပ်ကြီး၌ လေယာဉ်ပြောင်းစီးခဲ့သော ဝန်ကြီးသည် ပျောက်ဆုံးနေသော အိတ်များကိုရှာဖွေနိုင်ရန် သီတင်းပတ်များစွာကြာနိုင်သည် ဟုဆိုသည်။

အဆိုပါ ဟီးသရိုးလေဆိပ်သစ်ကြီးသည် ခရီးသည်များ၏ ဝန်စည်စလယ်အိတ် ၁၅၀၀၀ခန့် ရှင်းလင်းမှု မပြုလုပ်နိုင်ဘဲ စုပြုံထားရသည်ဟုဆိုသည်။

(အင်တာနက်)

ဟီးသရိုးလေဆိပ်သစ်၌ ဝန်စည်စလယ်အိတ်များ စုပြုံထားရှိမှုကို ဧပြီ ၁ရက်က ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန် ဝန်ကြီး ၂၄ဦး ကျမ်းသစ္စာ ကျိန်ဆို

အစ္စလမ္မာဘတ် ဧပြီ ၂

ပါကစ္စတန်သမ္မတ မူရှာရက်ဖ် ရှေ့မှောက်တွင် ပါကစ္စတန်အစိုးရသစ်မှ ဝန်ကြီး ၂၄ဦး မတ် ၃၁ရက်က ကျမ်းသစ္စာကျိန်ဆို၍ ရာထူးလက်ခံခဲ့သည်။

ကျင်းပ

အစ္စလမ္မာဘတ်မြို့၌ ကျင်းပသည့် ထိုအခမ်းအနားတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီး ၂၄ဦးအနက် ၂၀မှာ ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ)နှင့် ပါကစ္စတန် မွတ်စလင် အဖွဲ့ချုပ် နဝပ်ပါတီ (ပီအမ်အယ်-အင်)မှ ဖြစ်ကြသည်။

ပေါ်ထွန်းလာ

ပီပီပီနှင့် ပီအမ်အယ်-အင်ပါတီတို့မှာ ရွေးကောက်ပွဲအပြီးတွင် အကြီးဆုံး ပါတီကြီးနှစ်ရပ်အဖြစ် ပေါ်ထွန်းလာသည်။

မတက်ရောက်

အခမ်းအနားသို့ ပီပီပီ ပါတီခေါင်းဆောင် ဇာဒါရီနှင့် ပီအမ်အယ်-အင် ပါတီခေါင်းဆောင် နဝပ်ရှရစ်ဖ်တို့ မတက်ရောက်ကြဟု သိရသည်။ **(အင်တာနက်)**

ပျက်စီး

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်များအကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများ၌ လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုမြင်ကွင်းကို ဧပြီ ၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘာဆာရာမြို့၌ ဖြစ်ပွားသောတိုက်ပွဲများ လူ ၂၀၀ကျော် သေဆုံးခဲ့

ဘဂ္ဂဒက် ဧပြီ ၂

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့၌ အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်များအကြား တိုက်ပွဲများ သီတင်းတစ်ပတ်ကြာ အပြင်းအထန်ဖြစ်ပွားခဲ့ရာ လူ၂၀၀ကျော် သေဆုံးခဲ့ကြောင်း အီရတ်ပြည်ထဲရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပြောကြား

ဘာဆာရာ၌ ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် လူပေါင်း ၂၁၀ သေဆုံးပြီး ၆၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း၊ ၁၅၅ ဦးအား ဖမ်းဆီးခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် အဗ္ဗဒူလ်ကာရင်ခါလက်ဖ်က ရိုက်တာသို့ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပြိုင်ပွဲ မန်ယူနှင့်ဘာကာ အဝေးကွင်းရလဒ်ကောင်း

ရောမ ဧပြီ ၂

ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ဦးဆောင်နေသော မန်ချက်စတာယူနိုက်တက်အသင်းသည် ဧပြီ ၁ ရက်က ဥရောပချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့

မန်ယူအတွက် ဖွင့်ဆော်ဦးဂိုးကို စီရိုနယ်ဒိုက ဤသို့ ခေါင်းတိုက် သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အဖြစ် ရိုးမား၏အိမ်ကွင်း စတာဒီယိုအိုလံပီကိုစ့်သို့ သွားရောက်ကစားရာ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရလိုက်ပြီဖြစ်၍ အကြိုဗိုလ်လုပွဲ တက်ရန်နီးစပ်သွားပြီ ဖြစ်သည်။

အမြောက်ကန်

အိမ်ရှင်ရိုးမားအသင်းသည် ဂိုးမပေးရေး ခံစစ်အခိုင်အမာကစားခဲ့သော်လည်း ပထမပိုင်း ၃၉မိနစ်အကြာ မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုက ရိုးမားဂိုးဧရိယာအတွင်း ပေါလ်စခိုးလ် အနေတော် ကန်တင်တင်ပေးလိုက်သော ဘောလုံးကို ရိုးမားနောက်တန်းလူများကြားမှ ခေါင်းခုန်တိုက်သွင်းယူခဲ့၍ မန်ယူတို့ ဖွင့်ဆော်ဦးဂိုး စတင်ရရှိသွားလေသည်။

ယင်းဂိုးမှာ ချန်ပီယံလိဂ်တွင် သွင်းယူသော ၎င်း၏ ခုနစ်ဂိုးမြောက် ဂိုးဖြစ် သည်။ ရိုးမားတို့ ချေပဂိုးသွင်းယူနိုင်ရေး အကြိတ်အနယ် ထိုးဖောက်ကစားခဲ့ရာ ပါနူချီ အနီးကပ်သွင်းယူသော ဘောလုံးမှာ ဘေးထွက် လွဲချော်သွားခဲ့ရသည်။ ရိုးမားတိုက်စစ်မှူး ဗူစီနစ်၏ ခေါင်းတိုက်ဂိုးကို မန်ယူဝါရင့်ဂိုးသမားကြီး ဗန်ဒါဆာက ကာကွယ်လိုက်နိုင်သည်။

မျက်နှာပန်းလှခဲ့ရ

ရိုးမားတို့အကြိတ်အနယ် ကြိုးစားပါသော်လည်း ဂိုးကံခေနေချိန်တွင် မန်ယူတို့ တစ်ကျော့ပြန် တိုက်စစ်အားမြှင့်ကစားခဲ့ရာမှ မန်ယူတိုက်စစ်မှူးရွှန်နေက မန်ယူ အတွက် အိမ်ပြန်လက်ဆောင်ဂိုးသွင်းယူခဲ့ကာ ဖာဂူဆန်တို့အဖွဲ့ အိမ်အပြန် မျက်နှာပန်းလှခဲ့ရပြီ ဖြစ်သည်။

မန်ယူတို့အဝေးကွင်းရလဒ်ကောင်း ရရှိထားပြီဖြစ်၍ အကြိုဗိုလ်လုပွဲတွင် ဘာကာနှင့် တွေ့ရန် ဖာဂူဆန်ပြင်ဆင်ရဦးမည် ဖြစ်ပေသည်။

ရှော်လ်ကေး-ဘာကာ

စပိန်လာလီဂါထိပ်သီးဘာကာတို့ ဂျာမန်ဘွန်ဒက်စ်လီဂါအသင်း ရှော်လ်ကေး ကွင်းသို့သွားရောက်ကစားရာတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်၍ ဘာကာနည်းပြ ရစ်ကတ် ဖိအားပေးခံရခြင်းမှ လျော့ပါးစေခဲ့သည်။

ဒုတိယမြောက်

ပွဲစသည်ဆိုလျှင်ပင် နှစ်သင်းစလုံး အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲတက်နိုင်ရေး အားခဲပြင်ဆင်ထားသည်နှင့်အညီ မြူးကြွမြန်ဆန်သော ခြေစွမ်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပွဲစပြီး ၁၂ မိနစ်အကြာ ဘာကာလူငယ်ကစားသမား ဘိုဂျန်ကာကစ်က တိုက်စစ်မှူး အွန်နရီဖြတ်ပို့သော ဘောလုံးမှတစ်ဆင့်ဂိုးသွင်းယူသွားသည်။ ယင်းဂိုးသွင်းပြီးနောက် ဘိုဂျန်သည် ချန်ပီယံလိဂ်တွင် ဒုတိယမြောက် အသက်ငယ်ဆုံး ဂိုးသွင်းရှင်ဖြစ်လာသည်။ ၎င်းသည် အသက် ၁၇နှစ်သာ ရှိသေးသည်။

ရှော်လ်ကေးတို့ဒုတိယပိုင်းတွင် ဘာကာကို ဖိကစားလာပြီး အယ်လ်တင် တော့ဗ်သွင်းယူခဲ့သော်လည်း ဘောလုံးမှာ ဘေးသို့ချော်ထွက်သွားခဲ့၍ ချေပဂိုးမရဘဲ ဖြစ်ခဲ့ရပြန်သည်။

အိမ်ရှင်ရှော်လ်ကေးအသင်းအတွက် ဘိုရင်လာဆင်နှင့်ဘော်ဒွန်တို့က ခေါင်းတိုက်ဂိုးများဖြင့်ချေပရန်ကြိုးစားသော်လည်း ဘေးထွက်၊ အပေါ်တက် ဂိုးများကြောင့် ချေပဂိုးမရဘဲဖြစ်ခဲ့ရသည်။

ရှော်လ်ကေးတို့အိမ်ကွင်းအရေးနိမ့်ခဲ့သော်လည်း ဘာကာ၏အိမ်ကွင်း နူးကင့်မ်တွင်ဒုတိယအကျော့သွားရောက်ကစားစဉ် ရှုံးကြွေးဆပ်ရန် ကြိုးစားရဦးမည်ဖြစ်သည်။

(အင်တာနက်)

ဆလိုဗေးနီးယား အပြေးမယ် ဟယ်လီနာဂျာဗောနစ် အီတလီ မာရသွန်ပြေးပွဲတွင် ပန်းဝင်လာသည်ကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)



အီတလီမာရသွန်ပြိုင်ပွဲ ဆလိုဗေးနီးယားအပြေးမယ်ဗိုလ်စွဲ

ထရီဗီဆို(အီတလီ) ဧပြီ ၂

အီတလီနိုင်ငံ ထရီဗီဆိုမြို့၌ ဧပြီ ၁ရက်ကကျင်းပသော မာရသွန် ပြိုင်ပွဲတွင် ဆလိုဗေးနီးယား မာရသွန် အပြေးမယ် ဟယ်လီနာ ဂျာဗောနစ်က စံချိန်နှစ်နာရီ ၂၈မိနစ် ၃၆စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲနိုင်ခဲ့သည်။

ဂျာဗောနစ်၏ ယင်းစံချိန်မှာ အနှစ်၄၀ကျော်အတွင်း ဆလိုဗေးနီးယား မာရသွန် အပြေးမယ်များတွင် အကောင်းဆုံးစံချိန်ဖြစ်သည်။

အမျိုးသား

အမျိုးသားပြိုင်ပွဲတွင် အီတလီမှ ဒင်းနစ်ကာဇီက ကင်ညာပြိုင်ဘက် အပြေးချန်ပီယံများကို ကျော်ဖြတ်ပြီး စံချိန်နှစ်နာရီ ၁၃မိနစ် ၂၇စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲနိုင်ခဲ့သည်။

ဆလိုဗေးနီးယားအပြေး ချန်ပီယံ ဂျာဗောနစ်သည် လွန်ခဲ့သောသုံးပတ်က ဩစတြီးယား တစ်ဝက် မာရသွန်ပြိုင်ပွဲတွင်လည်း စံချိန် ၁နာရီ ၁၁မိနစ် ၅၄စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သူဖြစ်သည်။

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

- ■ **ဒေးဗစ်ဘက်ခ်ဟမ်အား အသင်းတွင် ဆက်ရှိနေရေးအတွက် ကြိုးစားထိန်းသိမ်းသွားမည်ဟု ဘလက်ဘန်း နည်းပြ မာ့ခ်ဟူဂျ်က ပြောကြားခဲ့သည်။**

- ➢ မစ်ဒယ်ဘရော့အသင်းကစားသမားတန်ကေးအား ရောင်းမည်မဟုတ်ကြောင်း နည်းပြဆောက်ဂိတ်က ဖွင့်ဟပြောကြားသည်။

- ■ **အာဆင်နယ် ကွင်းလယ် ကစားသမား ဖလာမီနီအား ဂျူဗင်တပ်စ်အသင်းက ခေါ်ယူ စာချုပ်မည်မဟုတ်ဟု နည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားခဲ့သည်။**

- ➢ ချယ်လ်ဆီးအသင်းသည် ဘိုကာဂျူနီယာတိုက်စစ်မှူး ပါလာစီယိုကို ပေါင်ခြောက်သန်းဖြင့် ခေါ်ယူစာချုပ်နိုင်ရန် ကြိုးစားနေသည်။

- ■ **ဘော်လ်တန်အသင်းအနေဖြင့် ပရီမီယာလိဂ်တွင် ဆက်လက်မရပ်တည်နိုင်ပါက ၎င်းအနေဖြင့် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ဘော်လ်တန် တိုက်စစ်မှူး ဒီြိုက်ယော့က ရင်ဖွင့်သည်။**

- ➢ လီဗာပူး ကစားသမား အလွန်ဆိုအား ဟူးလ်အသင်းက ယခုနွေရာသီတွင် ပေါင်ခြောက်သိန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုသည်ဟု သတင်း၌ ဖော်ပြသည်။

- ■ **လာဇီယိုအသင်းနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရန် အချိန်ဆွဲနေသော ဆွစ်ဇာလန်ကွင်းလယ်ကစားသမား ဗာလွန်ဗက်ချ်ရာမီကို ဝက်စ်ဟမ်းအသင်းက ယခုနွေရာသီ အပြောင်းအရွှေ့ ဈေးကွက်တွင် ခေါ်ယူရန် စီစဉ်နေသည်။**

- ➢ ဘော်လ်တန်အသင်းအနေဖြင့် တန်းဆင်းရသည့်တိုင် နည်းပြ ဂါရီမက်ဆန်ကို အသင်းမှ ထုတ်ပယ်မည်မဟုတ်ကြောင်း ပြောကြားသည်။

မောင်မောင်မြင့်ဆွေနှင့် မြင့်မောင်စိုးတို့ စုစည်းတင်ပြသည်၊

အကြိုဗိုလ်လုပွဲရောက်ပြီဟု ဖာဂူဆန်ပြောကြား ရစ်ကတ်က အိမ်ကွင်း၌ ကြိုးစားရဦးမည်ဟုဆို

လန်ဒန် ဧပြီ ၂

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် အဝေးကွင်း၌ ရိုးမားကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သော မန်ယူအသင်းနည်းပြ ဖာဂူဆန်က မိမိတို့ ယခုပွဲအနိုင်ရရှိခြင်းသည် ကြီးမားသောအောင်ပွဲတစ်ရပ်ဖြစ်ပြီး ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ပြီဟု ယုံကြည်လိုက်ပြီဖြစ်ကြောင်း၊ စီရိုနယ်ဒို အဖွင့်ဂိုးသွင်းလိုက်ကတည်းက မိမိတို့နိုင်ပွဲရပြီလို့ မှတ်ယူခဲ့ကြောင်း၊ အကြိုဗိုလ်လုပွဲတက်ရောက်ရန် အခက်အခဲ အတားအဆီး မရှိနိုင်တော့ကြောင်း ပြောကြားခဲ့သည်။

ထို့အတူရှော်လ်ကေးကို အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိအနိုင်ရခဲ့သော ဘာစီလိုနာအသင်းနည်းပြ ဖရန့်ရစ်ကတ် ကလည်း မိမိတို့ နိုင်ပွဲရသည်မှာ မှန်သော်လည်း နောက်တစ်ဆင့်တက်ရန် ကြိုးစားရဦးမည်ဖြစ်ကြောင်း၊ ယခုပွဲရလဒ်သည် အကြိုဗိုလ်လုပွဲ တက်ရောက်ရန် စိတ်ချရနိုင်စွမ်းမရှိသော ရလဒ်ဖြစ်ကြောင်း အိမ်ကွင်း၌ အားထည့် ကစားရဦးမည်ဖြစ်ကြောင်း ပြောကြား သွားသည်။

(အင်တာနက်)

ဖာဒီနန်က မန်ယူနှင့်စာချုပ်သက်တမ်းတိုးရန် ဆန္ဒရှိနေ

လန်ဒန် ဧပြီ ၂

မန်ယူနောက်ခံလူဖာဒီနန်က မိမိသည် မန်ယူနှင့် နောက်ထပ်သက်တမ်းတိုး စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် စိတ်ဓာတ်အား ထက်သန်လျက်ရှိကြောင်း ဧပြီ ၂ရက်က ပြောကြားလိုက်သည်။

အသက် ၂၉ နှစ်အရွယ်ရှိ နောက်ခံကစားသမား ဖာဒီနန်က မိမိ၏ဘောလုံးသမားဘဝကို မန်ယူ၌သာ အဆုံးသတ်လိုကြောင်း ၎င်းက ပြောကြားသည်။

နှစ်နှစ်တိုးမြှင့်ရန်

ဖာဒီနန်သည် ယခုနှစ်ဘောလုံးရာသီကုန်၌ မန်ယူနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ စာချုပ်သက်တမ်းအနည်းဆုံး နှစ်နှစ်တိုးမြှင့်ရန် မျှော်လင့်လျက်ရှိသည်။

မန်ယူကလပ်က ဖာဒီနန်အား ယခုနှစ်ဘောလုံးရာသီ၌ အသင်းပြောင်းလိုက ပြောင်းနိုင်ကြောင်း ခွင့်ပြုထားသည်။

(အင်တာနက်)

ဆိုနီအဲရစ်ဆင်အိုပင်း ဆီရီနာ အကြိုဗိုလ်လုပွဲ တက်ရောက်

မီယာမီ ဧပြီ ၂

အမေရိကန်နိုင်ငံ မီယာမီမြို့တွင် ဧပြီ ၂ရက်ကကျင်းပသော ဆိုနီအဲရစ်ဆင်အိုပင်း အမျိုးသမီးတင်းနစ် ပြိုင်ပွဲကွာတားဖိုင်နယ် ပွဲစဉ်၌ ဆီရီနာဝီလျံက ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဂျူစတင်းဟေနင်အား အနိုင်ရရှိလိုက်သည်။

ဆီရီနာဝီလျံသည် ဂျူစတင်းဟေနင်အား ကွာတားဖိုင်နယ်၌ ၆-၂၊ ၆-၀ဖြင့်နှစ်ပွဲပြတ် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားပြီ ဖြစ်သည်။

ကြိုးစားသွားမည်

အကြိုဗိုလ်လုပွဲ၌ ဆီရီနာဝီလျံသည် ကွတ်ဇ်နက်ဆိုဗာနှင့် ကစားရမည်ဖြစ်သည်။ ဆီရီနာဝီလျံက မိမိသည် ဆိုနီအဲရစ်ဆင် အိုးပင်းတင်းနစ်ဖလားကို ရအောင် ကြိုးစားသွားမည်ဟု ပြောကြားလိုက်သည်။

(အင်တာနက်)

ဒဗလျူဘီအေ ဟဲဗီးဝိတ်ချန်ပီယံစိန်ခေါ်ပွဲ ရှုစလန်ချာဂေ့ဗ်နှင့်ဗာယော့ဗ်တို့ထိုးသတ်မည်

မော်စကို ဧပြီ ၂

ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် ဟဲဗီးဝိတ် ချန်ပီယံ ဥဇဘက်ကစ္စတန် နိုင်ငံသား ရှုစလန်ချာဂေ့ဗ်က စိန်ခေါ်သူ ရုရှားလက်ဝှေ့သမား နီကိုလီဗာယော့ဗ်နှင့် ထိုးသတ်မည်ဖြစ်ကြောင်း ဧပြီ၂ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါ လက်ဝှေ့စိန်ခေါ်ပွဲကို မေ၃၁ရက်၌ ထိုးသတ်ရန်စီစဉ်ထားပြီး ထိုးသတ်မည့်နေရာကို ရွေးချယ်လျက်ရှိသည်။ ရှုစလန်ချာဂေ့ဗ်သည် နီကိုလီဗာယော့ဗ်အား၂၀၀၇ခုနှစ်ဧပြီလ၌စတုဂတ်မြို့တွင် ပထမဆုံး ချန်ပီယံကာကွယ်ပွဲ ထိုးသတ်ခဲ့ရာ အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အနိုင်ထိုး

လက်ဝှေ့ပွဲစီစဉ်သူများက ၎င်းတို့၏ လက်ဝှေ့ပွဲကို လောလောဆယ်အချိန်၌ ဂျာမနီနိုင်ငံတွင် ကျင်းပရန် စဉ်းစားလျက်ရှိသည်။ နီကိုလီဗာယော့ဗ်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက ဒဗလျူဘီစီဟဲဗီးဝိတ် ချန်ပီယံဆာဂျီလစ်ကိုဗစ်အား အနိုင်ထိုးသတ်ကာ ချန်ပီယံခါးပတ် ရယူခဲ့သူဖြစ်သည်။

(အင်တာနက်)

● *ကျောဖုံးမှ*

ထိုမှတစ်ဖန် သာသနာရောင်ဝါထွန်းတောက်ချိန် မျက်မှောက်ခေတ် အခါသမယတွင် ဘာသာ သာသနာ ရှင်သန်ထွန်းကားရာမြေအဖြစ်လည်း ထင်ပေါ်ကျော်ကြားလာဦးမည် ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုရသော် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု၊ မြို့နယ်သံဃနာယကဆရာတော်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုနှင့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ စေတနာသဒ္ဒါတရား ထက်သန်မှုတို့ဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာ့သုံးရပ် ဆောင်ရွက်နိုင်မည့် မဟာအတုလ သဒ္ဓမ္မရံသီသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ပြီးစီး၍ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်းပင် ဖြစ်သည်။

ကြီးကျယ်ခမ်းနား

မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီးကို သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်းနှင့် သမဝါယမ ကောလိပ်ထောင့်၌ နေရောင်အလာတွင် ရွှေရောင်တဖိတ်ဖိတ်တောက်ပလျက် တွေ့မြင်ရသည်။ မြေဧရိယာအကျယ်အဝန်း သုံးဧကပေါ်တွင် အလျား၁၇၅ပေ၊ အနံ ပေ ၆၀၊ အမြင့်၃၄ပေရှိသော ကြီးကျယ်ခမ်းနားလှသော သာသနာ့ဗိမာန်တော်ကြီးပင် ဖြစ်သည်။

သြဝါဒကထာ

သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရခြင်းနှင့်စပ်လျဉ်း၍ သန်လျင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုမာရက ဝမ်းမြောက်ကြောင်း သြဝါဒကထာဟောကြားရာတွင် "သန်လျင်မြို့ဟာ ခရိုင်မြို့ကြီး ဖြစ်သော်လည်း ကြီးမားသော ဘာသာရေးအခမ်းအနားများ ဆောင်ရွက်ခွင့်ကြုံတဲ့အခါ နေရာထိုင်ခင်းအတွက် အခက်အခဲများစွာနဲ့ ကြိုးပမ်းလုပ်ဆောင်နေရပါတယ်။

ယခုအခါမှာ ထည်ဝါခံ့ညားတဲ့ သာသနာ့ဗိမာန်တော်ကြီး အချိန်တိုကာလအတွင်း ပေါ်ပေါက်လာတဲ့အတွက် မြို့နယ်မှာရှိကြတဲ့ ဆရာတော်၊ သံဃာတော်များလည်း အထူးဝမ်းမြောက်တော်မူကြသလို အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာခိုက် တွေ့မြင်သွားကြသော ရဟန်းရှင်လူ ပြည်သူအပေါင်းတို့လည်း အထူးဝမ်းမြောက်ဝမ်းသာကြတာကို တွေ့ရပါတယ်။ သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် အရေးပါတဲ့ သာသနိကအဆောက်အအုံကြီးဖြစ်လို့ သမိုင်းဝင် သာသနာ့သမိုင်းမှတ်တိုင်သစ်ကြီးတစ်ခုကို စိုက်ထူလိုက်ခြင်းလည်းဖြစ်ပါတယ်"ဟု ဟောကြားတော်မူလေသည်။

သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး အပေါ်ထပ် တည်ဆောက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံ–သန်းဝင်း(သန်လျင်)

ကြည်နူး

သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(ငြိမ်း)ကလည်း တည်ဆောက်ပြီးစီးမှုအတွက် ဝမ်းသာပီတိစကားပြောကြားရာတွင် "သြဝါဒါစရိယဆရာတော်ကြီးများ၊ နာယက ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်နာယကများအနေဖြင့် သာသနာ့ဗိမာန်တော်ကြီးကို ရဟန်းရှင်လူပြည်သူများ၏ လှူဒါန်းငွေဖြင့် နှစ်နှစ်အတွင်း ပြီးမြောက်အောင်မြင်စွာတည်ဆောက်ရန် တာဝန်ပေးအပ်ခဲ့ပါတယ်။ ကျွန်တော်တို့ သာသနာ့ဗိမာန် တည်ဆောက်ရေး အုပ်ချုပ်မှုကော်မတီအနေဖြင့် ပေးအပ်သောတာဝန်များကို အချိန်မီအကောင်အထည်ဖော် တည်ဆောက် ပေးနိုင်တဲ့အတွက် အတိုင်းမသိ ဝမ်းသာကြည်နူးသာဓုခေါ်မိပါတယ်ဟု" မြန်မာ့အလင်းသို့ ပြောကြားသည်။

အဆိုပါ သာသနာ့ဗိမာန်တော်ကြီးကို ၂၀၀၆ ခုနှစ် မတ် ၂၇ ရက်တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပပြီး အုတ်မြစ်စီမင်္ဂလာအခမ်းအနားနှင့် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ၂၀၀၆ ခုနှစ် ဧပြီ ၂၃ ရက်တွင် ကျင်းပခဲ့သည်။ ယင်းအခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ဦးဆောင်သော ဧည့်သည်တော်များ တက်ရောက်ကြသည်။ ပထမအကြိမ် အလှူတော်ငွေကျပ်သိန်းပေါင်း ၇၀၂ ဒသမ ၈သိန်းလက်ခံရရှိခဲ့ကြောင်း သိရသည်။

အလှူငွေ

ဒုတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ၂၀၀၆ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပခဲ့ရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် နိုင်ငံတော်အဆင့်ရှိ ပုဂ္ဂိုလ်များတက်ရောက်လျက် အလှူငွေများလက်ခံပေးအပ်ခဲ့ရာ အလှူတော်ငွေကျပ် သိန်းပေါင်း ၁၀၅၉ ဒသမ ၄၉သိန်း ရရှိခဲ့သည်။

တတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ၂၀၀၇ခုနှစ် ဇွန် ၁၀ ရက်တွင် ကျင်းပခဲ့ရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်၍ အလှူငွေများ လက်ခံရယူပေးခဲ့ရာ အလှူတော်ငွေကျပ် သိန်းပေါင်း ၇၈၅ ဒသမ ၂၄သိန်း ရရှိခဲ့ကြောင်း သိရသည်။

တည်ဆောက်ပြီးမြောက်

၂၀၀၈ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်ရေးအတွက် အလှူတော်ငွေရရှိမှုမှာ ငွေကျပ်သိန်းပေါင်း ၂၉၈၄ သိန်းကျော်ရရှိခဲ့ပြီး ကုန်ကျငွေပေါင်းမှာ ငွေကျပ်သိန်းပေါင်း၃၃၇၉သိန်းကျော်ရှိကြောင်း သိရသည်။ ယင်းအတွက် လိုအပ်သည့်ကျပ်သိန်း ၅၀၀ ကျော်ကိုလည်း ယခုနှစ်ဖေဖော်ဝါရီ ၇ ရက်က ငွေကျပ်သိန်းပေါင်း ၅၀၈ ဒသမ ၆၃၆၆ သိန်းကို စတုတ္ထအကြိမ်မြောက် အလှူတော်ငွေအဖြစ် လက်ခံရရှိနိုင်ခဲ့ခြင်းနှင့်အတူ သာသနာ့ ဗိမာန်တော်ကြီးမှာလည်း အောင်မြင်စွာ တည်ဆောက်ပြီးမြောက်ခဲ့ပေပြီ။

သာသနာ့ဗိမာန်တော်ကြီး အောင်မြင်စွာတည်ဆောက်ပြီးစီးခဲ့ပြီဖြစ်၍ ရေစက်ချမင်္ဂလာအခမ်းအနားကို ဧပြီ ၅ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပပြီး ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား ကြည်ညိုသဒ္ဒါပွားများနိုင်ရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်။

သာသနာ့ရောင်ဝါ

သို့ဖြစ်၍ သန်လျင်မြို့တွင် သာသနာတော်တည်တံ့ပြန့်ပွားရေးအတွက် လိုအပ်နေသည့် သာသနာ့ဗိမာန်တော် ကြီးကို နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှု၊ ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ စေတနာသဒ္ဒါတရားတို့ကြောင့် ဝင့်ဝင့် ကြွားကြွား၊ ခံ့ခံ့ညားညား သာသနာ့ဗိမာန်တော်ကြီးပေါ်ထွန်းခဲ့ပြီဖြစ်၍ သာသနာရေးဆိုင်ရာ စာမေးပွဲများ၊ စာပြန်ပွဲများ၊ အလှူပွဲ၊ တရားပွဲများကျင်းပပေးခြင်းဖြင့် နေရောင်တွင် ရွှေရောင်တဖိတ်ဖိတ်တောက်ပနေခြင်းနှင့်အတူ သာသနာ ရောင်ဝါမှာလည်း ထွန်းတောက်နေဦးမည့် ရန်ကုန်တောင်ပိုင်းဆီက သန်လျင်ဒေသပင် ဖြစ်ပါတော့သည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၃–၄–၂၀၀၈ ရက်

(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အကပြိုင်ပွဲ
- ၇:၅၅ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (နာမည်ကျော်ကြား စစ်ကိုင်းမြို့မှ ကြိမ်ထည်လက်ရာများ)
- ၈:၁၅ ၆။ တေးဂီတအစီအစဉ်
- ၈:၃၀ ၇။ International News
- ၈:၄၀ ၈။ **"ရေမြင့်ကြာတင့်"** ခန့်စည်သူ၊ ရောဇာကျော်ပျောကြော်၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
- ၄:၄၀ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၁၀ ၆။ Local Talent
- ၅:၂၅ ၇။ တေးဂီတအစီအစဉ်
- ၅:၄၀ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ **"ဆုံစည်းခွင့်"** (ဖိုးသောကြာ၊ မင်းထက်ကျော်ဇင်၊ မြတ်ကေသီအောင်၊ ချစ်သုဝေ) (ဒါရိုက်တာ–သိန်းဟန်–ဖီးနစ်)
- ၆:၅၀ ၁၂။ တေးဂီတအစီအစဉ်
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့် ဆုံစည်းခြင်း** (အပိုင်း–၂၀)
- ၇:၅၀ ၁၄။ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေး ဆရာဒကာ လက်တွဲညီစွာကြိုးပမ်း ဆောင်ရွက်မှု (အပိုင်း–၄)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဘဝဆက်တိုင်း"** (အပိုင်း– ၁၃)
- ၁၉။ အစီအစဉ်ပြီး၏။

သုံးလူ့ထွတ်ခေါင်အောင်စေတီတော် ဗုဒ္ဓပူဇနီယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းတိုက်နယ် ဆံတော်ရှင် ကေလာသ တောင် အနီးရှိ ကျွန်းလေးတောင် သုံးလူ့ထွတ်ခေါင်အောင်စေတီတော်၏ (၂၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယကျင့်စဉ် ဓမ္မပူဇော်ပွဲကို ဧပြီ ၉ ရက်မှ ၁၇ ရက် အထိ ကျင်းပမည်ဖြစ်သည်။ **(က–ပ)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူ

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ ဒေါ်ဂလပ်စ်ဟာဖေးမွန်ရိုးဂစ်ဘ်ဆင်အားခန့်အပ်ရန် တောင်အာဖရိက သမ္မတ နိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူလိုက်ပြီ ဖြစ်သည်။

မစ္စတာဒေါ်ဂလပ်စ်ဟာဖေးမွန်ရိုးဂစ်ဘ်ဆင်သည် ၁၉၄၂ ခုနှစ် သြဂုတ် ၈ ရက်တွင် တောင်အာဖရိကသမ္မတနိုင်ငံ ဂျာမစ်တန်မြို့၌ မွေးဖွားခဲ့သည်။ ဥပဒေဘွဲ့ရရှိပြီးနောက် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများဆိုင်ရာ ဥပဒေ ပညာရှင်အဖြစ်သာမက အရေးကြီးသည့် စီးပွားရေးနှင့်ရွေးကောက်ပွဲဆိုင်ရာ အမှုများတွင်လည်း ပါဝင်လုပ်ကိုင်ခဲ့သည်။

မစ္စတာဒေါ်ဂလပ်စ်ဟာဖေးမွန်ရိုးဂစ်ဘ်ဆင်သည် ၁၉၆၅ ခုနှစ်တွင် နိုင်ငံရေးလောကထဲသို့ ဝင်ရောက်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ဒီမိုကရက်တစ်ပါတီ ယိုဗီးလ်ပြည်နယ်၏ ပါလီမန်အမတ်အဖြစ် ရွေးချယ်ခြင်း ခံရပြီး ၁၉၉၄ ခုနှစ်၊ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်တို့တွင် ထပ်မံရွေးချယ်ခြင်း ခံခဲ့ရသည်။ ၎င်းသည် ပါလီမန်တွင် တရားရေး၊ လုံခြုံရေး၊ အကျဉ်းထောင်နှင့် ပြုပြင်ရေးစခန်းဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် နိုင်ငံခြားရေးရာကိစ္စရပ်များ စသည်တို့တွင် ဒီမိုကရက်တစ်ပါတီ၏ ပြောရေး ဆိုခွင့်ရှိသူအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၇ ခုနှစ် ဇွန်လတွင် စီးပွားရေး ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၎င်းသည် ၁၉၉၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ပါလီမန်တွင် အတိုက်အခံပါတီ၏ မဲပေး စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။

မစ္စတာဒေါ်ဂလပ်စ်ဟာဖေးမွန်ရိုးဂစ်ဘ်ဆင်သည် အိမ်ထောင်သည် တစ်ဦးဖြစ်၍ သားတစ်ဦး ထွန်းကားခဲ့သည်။

မစ္စတာဒေါ်ဂလပ်စ်ဟာဖေးမွန်ရိုးဂစ်ဘ်ဆင်သည် ဗန်ကောက်မြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတ နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ပြင်ဆင်လေ့ကျင့်

ရန်ကုန် ဧပြီ ၂

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန၏ ကြီးကြပ်မှုနှင့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က စီမံခန့်ခွဲမှုတို့ဖြင့် ၂၀၀၇ခုနှစ် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအပြီး ၂၀၀၉ ခုနှစ် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင်ဂျူဒိုအားကစားမောင်မယ်များ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အလားအလာရှိသော ဂျူဒိုအားကစားသမားများအား စုစည်း၍ ဖေဖော်ဝါရီလမှ စတင်၍ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ရှိ လေ့ကျင့်ရေးခန်းမ၌ လေ့ကျင့်ပေးလျက် ရှိသည်။

သင်ကြားပို့ချ

ထို့အပြင် မြန်မာဂျူဒိုအားကစား တိုးတက်ဖွံ့ဖြိုးပြန့်ပွားစေရန် အဓိက ရည်ရွယ်ချက်ဖြင့် ဝန်ကြီးဌာန၊ ပြည်နယ်နှင့်တိုင်း စစ်ဌာနချုပ်တို့မှ ဂျူဒိုနည်းပြ ၆၀ ပါဝင်သော ဂျူဒိုနည်းပြဆရာသင်တန်းကို ဂျပန်နိုင်ငံမှ အဆင့်မြင့် ဂျူဒိုနည်းပြဆရာ သုံးဦးဖြင့် မတ် ၁၀ရက်မှ ၃၀ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏရှိ Goal Hotel ၌ ဖွင့်လှစ်၍ စာတွေ့လက်တွေ့သင်ကြားပို့ချလျက် ရှိသည်။

ဂျူဒိုနည်းပြဆရာ သင်တန်း၏ လက်တွေ့သင်တန်းကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပလျက်ရှိရာ ဂျပန်နိုင်ငံမှ အဆင့်မြင့်နည်းပြဆရာများက ဂျူဒိုနည်းစနစ် ပိုင်းနှင့် ဂျူဒိုအားကစားနည်း ဥပဒေများကို ဟောပြောပို့ချသည့်အပြင် နည်းစနစ်ပိုင်းများကို အခြေခံအဆင့်မှ အဆင့်မြင့်အဆင့်အထိ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ဂျပန်ဂျူဒိုနည်းပြဆရာက မြန်မာဂျူဒိုနည်းပြများအား လက်တွေ့ သင်ကြားပေးနေစဉ်။
(ဂျူဒိုအဖွဲ့ချုပ်)

■ *ရှေ့ဖုံးမှ*

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ ဗိုလ်ချုပ်ခင်ဇော်နှင့် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ၎င်းတို့၏ ဇနီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး သံရုံး ယာယီတာဝန်ခံ Mr. Manoj Kumar Bharti၊ ဇနီး Mrs. Anamika Bharti နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိန်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

* *ကျောဖုံးမှ*

ယင်းနောက် ဆေးသိပ္ပံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာချစ်စိုးက ဆေးတက္ကသိုလ်များနှင့် နီးနွယ်သော တက္ကသိုလ်များမှ အရည်အချင်းပြည့်ဝသည့် ပညာရှင်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမှုအခြေအနေများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်က လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ ဘဏ္ဍာရေးနှင့် အဆောက်အအုံပစ္စည်းများ ဖြည့်ဆည်းပေးမှုကို လည်းကောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်က တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆေးတက္ကသိုလ် စာကြည့်တိုက်၊ ကျောင်းသား ကျောင်းသူများ ပညာရပ်ဆိုင်ရာ လေ့လာမှုနှင့် ကွန်ပျူတာအသုံးချပညာရပ်ဆိုင်ရာ လေ့လာသင်ကြားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လမ်းညွှန်

ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့ဝင်များသည် ဧပြီ ၁ ရက်တွင် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) သို့ သွားရောက်၍ အစည်းအဝေးခန်းမ၌ ခေတ္တပါမောက္ခချုပ် ဒေါက်တာလွင်ကိုနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ မန္တလေးတိုင်း တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ တိုင်းရင်းဆေးသိပ္ပံ သင်တန်းကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး စက်ရုံမှ ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက တိုင်းရင်းဆေးပညာမြှင့်တင်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတကာအဆင့်မီ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွင် ထိရောက်စွာ ကုသပေးနိုင်သည့် သိပ္ပံနည်းကျဖော်စပ်၍ အရည်အသွေးအာမခံပြီး အန္တရာယ်ကင်းသည့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းဖြင့် လမ်းညွှန်မှာကြားချက်များရှိကြောင်း၊ ပြည်သူအားလုံးကို အထောက်အကူပြုစေရန် တိုင်းရင်းဆေးဝါးများ အဆင့်အတန်းမြင့်စွာ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်က နိုင်ငံတော်က တိုင်းရင်းဆေးပညာ တိုးတက်ဖွံ့ဖြိုးရေးအတွက် အထူးတလည် ပံ့ပိုးဆောင်ရွက်ပေးမှုကဏ္ဍကို ရှင်းလင်းပြောကြားပြီး ခေတ္တပါမောက္ခချုပ် ဒေါက်တာလွင်ကိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းဆေးတက္ကသိုလ် စာကြည့်တိုက်ရှိ ATIZ Book Snap ကွန်ပျူတာ မိတ္တူကူးစက်သုံးစွဲမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အရည်အသွေးမြှင့်တင်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သူနာပြုတက္ကသိုလ်၊ မန္တလေး စာသင်ဆောင်ခန်းမ၌ သူနာပြုတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ သားဖွားသင်တန်းကျောင်း၊ သူနာပြု သင်တန်းကျောင်းများမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ သင်တန်း ဆရာများနှင့် တွေ့ဆုံ၍ သူနာပြုများ၏ စွမ်းဆောင်မှု အရည်အသွေးမြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ကဖော်ဆောင်ပေးသည့်အခြေအနေကောင်းများ ရေရှည်တည်တံ့အောင်ထိန်းသိမ်း အချုပ်အခြာအာဏာကို ထိပါးစေမည့် အဖျက်အမှောင့်များ သတိထားစောင့်ကြည့်ကာကွယ်

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၃၀ ရက်တွင် ပုလဲမြို့နယ် ပန်းရှာ အခြေခံပညာအထက်တန်းကျောင်းခွဲရှေ့ရှိ ယာယီမဏ္ဍပ်၌ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့၌ ပုလဲမြို့ပေါ်ရှိ ရပ်ကွက်၊ ကျေးရွာ ၁၃ ခုတို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

အဆိုပါ တွေ့ဆုံပွဲသို့ ပန်းရှာ၊ ပျော်ဘွယ်၊ အောက်ကျင်း၊ တနယ်၊ ကျောက်ကုန်း၊ လုပ်သား၊ လှော်ကား၊ မွေ့တုံ၊ မင်းရွာ၊ နွားကူးစသည့် ကျေးရွာ ၁၀ ရွာတို့မှ ဒေသခံပြည်သူ စုစုပေါင်း သုံးထောင်ကျော် တက်ရောက်ကြပြီး ကျေးရွာများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပြည်သူအားလုံးသည် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက ဖန်တီးဆောင်ရွက်ပေးထားသည့် အခြေအနေကောင်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစေမည့် အဖျက်အမှောင့်ရန်ကိုလည်း ပြည်သူတစ်ရပ်လုံးက သတိထားစောင့်ကြည့်ကာကွယ်ကြရမည်ဖြစ်ကြောင်း၊ မိမိဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်ကို စောင့်ရှောက်ခြင်းပင်ဖြစ်၍ ပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် တိုက်တွန်း မှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ပန်းရှာကျေးရွာ၌ ကျေးရွာ ၁၀ ရွာတို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအတွင်းရေးမှူးက တက်ရောက်လာကြသော ကျေးရွာများ၏ ပညာရေးနှင့် ကျန်းမာရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ပန်းရှာ အထက်တန်းကျောင်းခွဲ အဆောက်အအုံသစ်အတွက် ငွေကျပ် ငါးသိန်း၊ မွေ့တုံကျေးရွာ မူလတန်းလွန်ကျောင်း အဆောက်အအုံအတွက် ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် ခြောက်သိန်းကို လည်းကောင်း၊ ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဒေသခံ ပြည်သူများအတွက် ဆပ်ပြာ၊ ဒန်အိုး၊ မျက်နှာသုတ်ပဝါနှင့် မိုးကာစများကို လည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၁၁ နာရီတွင် ညောင်ကုန်းကျေးရွာ မူလတန်းလွန်ကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ ကျင်းပသော တွေ့ဆုံပွဲသို့ တက်ရောက်သည်။ အဆိုပါတွေ့ဆုံပွဲသို့ ညောင်ကုန်း၊ ညောင်ကန်၊ ဖိုကုန်း၊ မကျီးခွ၊ ကံကြီး၊ ဇောင်ဂျမ်းကုန်း၊ ရွာသာ၊ ရွာထင်၊ လိန်ကုန်း၊ ရွှေလောင်း၊ ကံပေါက် စသည့် ကျေးရွာ ၁၁ ရွာတို့မှ ဒေသခံပြည်သူ နှစ်ထောင့်ငါးရာကျော် တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

တွေ့ဆုံပွဲတွင် ညောင်ကုန်းကျေးရွာမှ တာဝန်ရှိသူက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဗဟိုအတွင်းရေးမှူးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ဒေသဖွံ့ဖြိုးရေး အတွက် ပြည်သူများက ပူးပေါင်း ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးက ညောင်ကုန်းကျေးရွာ မူလတန်းကျောင်း အဆောက်အအုံအတွက် ငွေကျပ်နှစ်သိန်းကို လည်းကောင်း၊ ကျေးလက် စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များ၊ ဒေသခံပြည်သူများ အတွက် စောင်၊ ဆပ်ပြာ၊ ဒန်အိုး၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ကိုလည်းကောင်း ပေးအပ်ပြီး ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တက်ရောက်

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၂ နာရီခွဲတွင် ပုလဲမြို့ရှိ ဗုဒ္ဓဝိဟာရသာသနာ့ဗိမာန်ခန်းမ၌ ကျင်းပသော တွေ့ဆုံပွဲသို့ တက်ရောက်သည်။ အဆိုပါတွေ့ဆုံပွဲသို့ ပုလဲမြို့ပေါ်မှ ပုလဲ(တောင်)၊ ပုလဲ(မြောက်)ရပ်ကွက်တို့မှ ပြည်သူများ၊ ဇေတီယျံသေတ္တရာ၊ မြကုန်း၊ အလယ်ဘုံ၊ အေးကုန်း၊ နွယ်ရှောက်၊ ကြောင်သန်း၊ ကျေးနင်း၊ နားတော်လျှောက်၊ ကျွန်းဘိုကုန်း၊ ကြိုးကြာဥစသည့် ရပ်ကွက်၊ ကျေးရွာ ၁၃ ခုတို့မှ ဒေသခံပြည်သူ သုံးထောင်ခန့် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသော ရပ်ကွက်၊ ကျေးရွာများမှ တာဝန်ရှိသူတို့က ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဗဟိုအတွင်းရေးမှူးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ယင်းလုပ်ငန်းများတွင် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အတွက် အကျယ်တဝင့် မှာကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပုလဲမြို့ ဗုဒ္ဓဝိဟာရ သာသနာ့ဗိမာန် ဆောက်လုပ်ရေးအတွက် ငွေကျပ် ငါးသိန်း၊ ပုလဲမြို့ သံဃာ့ဆေးရုံ ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် သုံးသိန်း၊ နွယ်ရှောက်ကျေးရွာ မူလတန်းကျောင်း အဆောက်အအုံအတွက် ငွေကျပ်တစ်သိန်းနှင့် သေတ္တရာကျေးရွာ မူလတန်းကျောင်းအမိုးအတွက် ငွေကျပ်တစ်သိန်းကို လည်းကောင်း၊ ကျေးလက် စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ၊ ဒေသခံ ပြည်သူများအတွက် ဆပ်ပြာ၊ ပလတ်စတစ်ကြိုးခွေ၊ ခြင်ထောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံ

ညပိုင်းတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုလဲမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးပညာ သင်တန်းကျောင်းခန်းမ၌ ပုလဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာများမှ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပုလဲမြို့နယ် အတွင်းရေးမှူး ဦးတင့်ဆွေ၊ ရပ်ကွက်နှင့် ကျေးရွာ စည်းရုံးရေးမှူးများက ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် စည်းရုံးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပံ့ပိုးပေးအပ်

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ စည်းရုံးရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး ပံ့ပိုးငွေများ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃–၄–၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇:၀၀– ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅– ၁:၀၅	"ပဋိစ္စသမုပ္ပာဒ်ဖြတ်မှ ဒုက္ခပြတ်မည်" တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော်– ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇:၅၅– ၁:၅၅	နိဗ္ဗာန်ဆီသို့ အမေးအဖြေများ
၈:၁၅– ၂:၁၅	တေးဂီတအစီအစဉ်
၈:၂၀– ၂:၂၀	ပြည်တွင်းအနုပညာရေးရာ
၈:၄၀– ၂:၄၀	စွမ်းအားစက်မှုအရင်းပြု စီမံဆောင်ရွက်နိုင်ငံ့အတွက် ထုတ်လုပ်နေသော မြန်မာ့တာယာ
၉:၀၅– ၃:၀၅	တေးဂီတအစီအစဉ်
၉:၁၀– ၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀– ၃:၂၀	စားချင်စဖွယ်နည်း အသွယ်သွယ် (ရွှေကြည်ဆနွင်းမကင်း)
၉:၃၀– ၃:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅– ၃:၃၅	တေးဂီတအစီအစဉ်
၉:၄၀– ၃:၄၀	အဖိုးတန်နွေ
၁၀:၀၀– ၄:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅ – ၄:၀၅	ရွှေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (Lumbini Academy Pre School)
၁၀:၂၅ – ၄:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၅ – ၄:၃၅	ဆေးမင်ကြောင်နှင့်လေဆာ
၁၀:၅၅ – ၄:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀ – ၅:၀၀	TRI Show
၁၁:၂၅ – ၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀ – ၅:၃၀	Activites in the City
၁၁:၅၀ – ၅:၅၀	ကလေးတို့အတွက်လက်ဆောင် (ပန်းကုံးလုလုလေး)
၁၂:၀၅ – ၆:၀၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ရင်နှင့်အောင်မွှေး"
၁၂:၃၅ – ၆:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀ – ၆:၄၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁:၀၀ – ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စက်သုံးဆီနှင့် CNG အရောင်းဆိုင်များ သင်္ကြန်ရက်များတွင် ပုံမှန်ဖွင့်လှစ်ရောင်းချမည်

နေပြည်တော် ဧပြီ ၂

စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၊ သဘာဝဓာတ်ငွေ့ (CNG)အရောင်းဆိုင်များကို မဟာသင်္ကြန် ရုံးပိတ်ရက်များတွင် ပုံမှန်ဖွင့်လှစ်ရောင်းချမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အသင့်လျော်ဆုံးနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)

မြန်မာတို့သည် မြန်မာ့ကောင်းကျိုးကို လွတ်လပ်ညီညွတ်စွာ လက်တွဲဖော်ဆောင်နိုင်လျက်ရှိသည်။ နယ်ချဲ့ကျူးကျော် စိုးမိုးမှုခံရသည့် ကျွန်သပေါက် ၁၀ နှစ်ပေါင်းတစ်ရာကျော်ကာလ၏ အနိဋ္ဌာရုံများနှင့် ယနေ့ပစ္စုပ္ပန်ကာလ ငြိမ်းချမ်း ဖွံ့ဖြိုးနေသည့် ဣဋ္ဌာရုံများကို နှိုင်းယှဉ်ကြည့်မိလျှင် အချုပ်အခြာ အာဏာပိုင်စိုးရသော လွတ်လပ်သည့် အရသာကို ပိုမိုသဘောပေါက်နိုင်ကြပေသည်။

နိုင်ငံသားများမှဆင်းသက်၍ နိုင်ငံတစ်ဝန်း ပျံ့နှံ့တည်ရှိသော အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်မှာ နိုင်ငံသား၊ ပြည်သူ၊ တိုင်းရင်းသားစုံ၊ သွေးချင်းသားချင်းများသာ ဖြစ်လေသည်။ လူဦးရေတိုးပွားလာသော မျက်မှောက်ခေတ်တွင် ပြည်သူ့အရေးကို ပြည်သူကိုယ်တိုင် မိမိတို့ဆန္ဒအတိုင်း အစဉ်အမြဲစုဝေးဆွေးနွေးဆုံးဖြတ်ဆောင်ရွက်နိုင်ခြင်း မဖြစ်တော့၍ ပြည်သူ့ကိုယ်စား ပြည်သူ့ကောင်းကျိုးကို ပြည်သူ့ဆန္ဒနှင့်ကိုက်ညီစွာ စီမံ၊ ဆောင်ရွက်၊ အကောင်အထည်ဖော်ပေးမည့် ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ် တာဝန်ပေးသော စနစ်ကို ကြံဆအသုံးပြုလာကြရသည်။ ဤသည်ကို ကိုယ်စားပြုဒီမိုကရေစီဟု သုံးနှုန်းအပ်ပေသည်။

နိုင်ငံသားပြည်သူများ ပိုင်ဆိုင်အပ်သည့် အချုပ်အခြာအာဏာများကို ပြည်သူရွေးသည့် ကိုယ်စားလှယ်များက မည်သို့မည်ပုံ ပိုင်းခြား၊ ခွဲဝေ၍ တာဝန်ယူဆောင်ရွက်ပေးရန် စည်းကမ်းကလနားချပေးခြင်းကို နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း၊ ပြဋ္ဌာန်းခြင်း၊ ကျင့်သုံးခြင်းဟု ခေါ်ကြပေသည်။ မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများတွင် မိမိတို့သမိုင်းကြောင်း၊ ဆန္ဒသဘောထား၊ ပကတိအခြေအနေ၊ အနာဂတ်မျှော်မှန်းချက်များဖြင့် နိုင်ငံတည်ဆောက်သည့်ပုံစံကို ရွေးချယ်ကြသည်။ အချုပ်အခြာအာဏာ ကျင့်သုံးသည့်စနစ်များ ရွေးချယ်ကြသည်။ နိုင်ငံသားပြည်သူတို့၏ မူလအခွင့်အရေးများကို စီကာစဉ်ကာ ရေးသားဖော်ပြကြသည်။ ဤသို့ဖြင့် နိုင်ငံအလိုက် စိတ်ကြိုက်ရေးသားပြဋ္ဌာန်းသည့် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေများကို တိတိကျကျ လိုက်နာကျင့်သုံးလျက် ရှိကြသည်။

မြန်မာနိုင်ငံသည် ရှည်လျားသည့် သမိုင်းကြောင်းရှိခဲ့သည်။ ပဒေသရာဇ်အလွန် နယ်ချဲ့စိုးမိုးမှုဖယ်ရှားပြီး အချုပ်အခြာအာဏာကို ၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ ရက်မှစတင်၍ ပြန်လည်ရယူ ပိုင်ဆိုင်ခဲ့သည်။ လွတ်လပ်ရေးအမီ ၁၉၄၇ခုနှစ်တွင် နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေကို ပထမဆုံးအကြိမ် ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခဲ့သည့် အတွေ့အကြုံရှိခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် မြန်မာတို့၏ ဒုတိယမြောက် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဟုဆိုရမည့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြပြန်သည်။

ယခုပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) သည် ပထမ၊ ဒုတိယ အခြေခံဥပဒေများမှ ချွတ်ယွင်းချက်၊ ဟာကွက်၊ ပျော့ကွက်များကို ထုတ်နုတ်ဆင်ခြင်ကာ မျက်မှောက်ကာလ ပကတိအခြေအနေမှန်များကို အခြေပြုလျက် အနာဂတ်အတွက် အကောင်းဆုံးမျှော်မှန်းရေးဆွဲထားသော အခြေခံဥပဒေသစ် ဖြစ်ပေသည်။

၃-၉-၂၀၀၇ရက်နေ့တွင် အောင်မြင်ပြီးစီးခဲ့သော အမျိုးသားညီလာခံမှ ချမှတ်ပေးသည့် အခန်းလိုက် ခေါင်းစဉ် ၁၅ ခုအတွက် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့် မူများသည် နိုင်ငံ၏ တတိယမြောက်နှင့် ခိုင်မာကောင်းမြတ်ဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မများ၊ ပုဒ်မခွဲများ ဖြစ်လာရပေသည်။ ၃-၁၂-၂၀၀၇ ရက်နေ့မှ ၁၉-၂-၂၀၀၈ရက်နေ့အထိ အဖွဲ့ဝင်၅၄ဦးပါဝင်သော အခြေခံဥပဒေရေးဆွဲရေးကော်မရှင်က အမျိုးသားညီလာခံမူများကို အခြေခံပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အောင်မြင်စွာ ရေးဆွဲပြီးစီးခဲ့ကြသည်။ ၂၀၀၈ ခုနှစ် မေလတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ဝန်းမှ အသက် ၁၈နှစ်ပြည့်ပြီး ဖြစ်သည့် နိုင်ငံသား မဲဆန္ဒရှင်များက ဤ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆန္ဒမဲပေးပြီး အတည်ပြုကြပေတော့မည်။

အမျိုးသားညီလာခံကျင်းပသည့်ကာလတစ်လျှောက် အခြေခံဥပဒေသစ်တွင် ပါဝင်ရမည့်အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပြီးတိုင်း စာနယ်ဇင်းမီဒီယာများတွင် ဖော်ပြခဲ့သည့်အပြင် စာအုပ်စာတမ်းများ ရိုက်နှိပ်ဖြန့်ဖြူးခဲ့သဖြင့် ပြည်သူအများစုကြီး သိရှိထားနှင့်ပြီး ဖြစ်သည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ထူးခြားသော ဝိသေသအချို့ကို တင်ပြလိုပါသည်။

အချုပ်အခြာအာဏာရပ်ကြီး၏ ခက်မသုံးဖြာဖြစ်သော (၁) ဥပဒေပြုရေးအာဏာ၊ (၂) အုပ်ချုပ်ရေးအာဏာ၊ (၃) တရားစီရင်ရေးအာဏာရပ်များကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်လက်ထဲသို့ ဝကွက်၍အပ်လိုက်သော ပါလီမန်ဒီမိုကရေစီစနစ်၏ ပျော့ကွက်များအရ ယင်းအာဏာသုံးရပ်ကို ပုဂ္ဂိုလ်အစုအဖွဲ့သုံးခုလက်သို့ ပိုင်းခြားခွဲဝေအပ်နှင်းသည်။ ရွေးကောက်ပွဲများ၌ လွှတ်တော်ကိုယ်စားလှယ်အရေအတွက် ထက်ဝက်ကျော်အနိုင်ရသော ပါတီတစ်ခု၏ ခေါင်းဆောင်သည် ကိုယ်တိုင်အုပ်ချုပ်ရေး အာဏာကိုင်ပြီး အစိုးရအကြီးအကဲနေရာယူ၊ လွှတ်တော်တွင် မိမိပါတီက အမတ်အများစုရှိသဖြင့် ကြိုက်ရာဥပဒေကိုပြု၊ တရားစီရင်ရေးနယ်ပယ်တွင်လည်း မိမိဝန်ကြီးအဖွဲ့မှ တရားရေးဝန်ကြီးမှတစ်ဆင့် ညွှန်ကြားပေး၊ ဖိအားပေးစွက်ဖက် လုပ်နိုင်သောစနစ်သည် ပါလီမန်ဒီမိုကရေစီစနစ်ဖြစ်သည်။ လက်တွေ့၌ အာဏာသုံးရပ်စလုံးကို ပုဂ္ဂိုလ်တစ်ဦးတည်းက ကိုင်တွယ်ကျင့်သုံးရာ၌ မနိုင်မနင်း ဖြစ်လာတတ်သည်၊ အမှားများလာတတ်သည်။ ထို့ကြောင့် ယင်းစနစ်ကျင့်သုံးသော နိုင်ငံများစွာ၌ မကြာခဏကသောင်းကနင်း ဖြစ်ရသည်။ အစိုးရများ မကြာခဏပြုတ်ကျခဲ့ရသည်။

၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင်ကား ဥပဒေပြုရေး အာဏာကို ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်ခံကိုယ်စားလှယ်များကို အပ်နှင်းထားသည်။ အုပ်ချုပ်ရေးအာဏာကို သမ္မတရွေးချယ်ရေးအဖွဲ့က ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်သမ္မတကြီးအား အပ်နှင်းထားသည်။ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်သို့ အပ်နှင်းထားသည်။ ယင်းသို့ အာဏာသုံးရပ်ကို သုံးစုသုံးဖွဲ့ထံ ပိုင်းခြားအပ်နှင်း တာဝန်ခံစေပြီးမှ အောက်သို့ သက်ဆိုင်ရာအဖွဲ့ခွဲ၊ ပုဂ္ဂိုလ်၊ အဆင့်များသို့ အခြေခံဥပဒေနှင့်အညီ ခွဲဝေအပ်နှင်းသည်။ ယင်းအာဏာသုံးရပ်ကို တာဝန်ယူ၊ တာဝန်ခံပြီးကျင့်သုံးရမည့် သုံးစုသုံးဖွဲ့အနေဖြင့် ထင်သလိုမလုပ်နိုင်ရန် အပြန်အလှန်ထိန်းကျောင်းမှုများလည်း ပါရှိသည်။ ကမ္ဘာပေါ်တွင် တည်ငြိမ်သော အစိုးရစနစ်၊ ခိုင်မာအခွန့်ရှည်သော အခြေခံဥပဒေရှိသော နိုင်ငံအချို့ကိုလေ့လာလျှင် အာဏာသုံးရပ်ကို ပုဂ္ဂိုလ်တစ်ဦးတည်း၏ လက်ထဲသို့ထိုးမအပ်ဘဲ အာဏာသုံးရပ်ကို သုံးစုသုံးဖွဲ့သို့ ပိုင်းခြားအပ်နှင်းထားကြောင်း တွေ့နိုင်သည်။ ယနေ့အခြေခံဥပဒေသည် အချုပ်အခြာအာဏာသုံးရပ်ကို သုံးစုသုံးဖွဲ့သို့ ပိုင်းခြားခွဲဝေအပ်နှင်းပြီး တာဝန်ယူစေ၊ တာဝန်ခံစေသော ပုံစံဖြစ်၍ တစ်ဦးတည်းအာဏာရှင်မျိုး ပေါ်ထွန်းမလာနိုင်ပေ။

ယနေ့နိုင်ငံများ အထူးသဖြင့် ပြည်ထောင်စုနိုင်ငံများကို လေ့လာကြည့်လျှင် အင်အားကြီးပြည်ထောင်စုအချို့က မိမိတို့ပြည်ထောင်စုများကို တည်တံ့ခိုင်မြဲအောင် ထိန်းထားကြသည်။ ခွဲထွက်မှုများကိုနှိမ်နင်းကြသည်။ သို့သော် ထိုပြည်ထောင်စုနိုင်ငံများသည် အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ပြည်ထောင်စုများကိုမူ ဖြိုခွဲနေပေသည်။ **မြန်မာတို့သည် ပြည်တွင်းပြည်ပ ပယောဂဖြင့် ပြည်ထောင်စုပြိုကွဲလုနီးနီး အခြေအနေမျိုး တစ်ကြိမ်မကကြုံခဲ့ရသဖြင့် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် စစ်မှန်သောပုံစံဖြင့် ဖွဲ့စည်းထားသည့် မြန်မာပြည်ထောင်စုကြီးမှ မည်သည့်အစိတ်အပိုင်းမျှ**

တက္ကသိုလ်မြတ်သူ

ခွဲထွက်ခြင်းမရှိစေရဟူသော အခြေခံမူဖြင့် ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးကို အာမခံထားပေသည်။

မြန်မာပြည်ထောင်စုသည် တိုင်းရင်းသားလူမျိုးနွယ်အားလုံး၏ စုပေါင်းပြည်ထောင်စုကြီးဖြစ်သည်။ အချို့ကမ္ဘာ့ပြည်ထောင်စုများတွင် ပြည်နယ်ငါးဆယ် ခွဲခြားသတ်မှတ်သော်လည်း လူဖြူလူမျိုးတစ်မျိုးတည်း၏ ပြည်ထောင်စုမျိုးသာဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ၏ သီးခြားကိုယ်ပိုင်ပြည်နယ်များ မပါဝင်ပေ။ မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့သည် တိုင်းရင်းသားပြည်နယ်များသာဖြစ်သည်။ နိုင်ငံသဘာဝအရ ပြည်နယ်တစ်ခုအတွင်း၊ တိုင်းဒေသကြီးတစ်ခုအတွင်း တိုင်းရင်းသားလူမျိုးနွယ်အများအပြား စုစည်းနေထိုင်ကြသည်။ ရှမ်းပြည်နယ်တစ်ခုတည်းကို ကြည့်ဘိဦး၊ ရှမ်း၊ ပအိုဝ်း၊ ဓနု၊ ပလောင်၊ 'ဝ'၊ လားဟူ၊ အခါ၊ လီဆူး၊ ဂုံ၊ ကချင်၊ ဗမာ၊ မျောင်စီး၊ တောင်သူ၊ တောင်ရိုးစသည်....စသည်ဖြင့် မျိုးနွယ်စုံလှသည်။ တိုင်းဒေသကြီးများတွင်လည်း ဗမာနှင့်အတူ ကရင်၊ မွန်၊ ရှမ်း၊ ရခိုင်၊ ချင်း၊ ကချင်စသည့် တိုင်းရင်းသားစုံ ရောနှောနေထိုင်ကြသည်။

တိုင်းရင်းသားပြည်နယ်တစ်ခုအတွင်း သင့်တင့်သော လူဦးရေရှိသည့် တိုင်းရင်းသားများအား အမျိုးသားညီလာခံကြီးတွင် ညှိနှိုင်းကာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ ဖွဲ့စည်းပေးခဲ့သည်။ (၁)'ဝ'တိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ (၂)ပအိုဝ်းတိုင်းရင်းသားများကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၃)ပလောင်တိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊(၄)ဓနုတိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၅)ကိုးကန့်တိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (၆)နာဂတိုင်းရင်းသားများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ ဖြစ်ကြသည်။ မြန်မာပြည်ထောင်စုကြီးသည် တိုင်းရင်းသားစုံ သွေးချင်းညီနောင်တို့၏ ပြည်ထောင်စုအဖြစ် သရုပ်ပေါ်လွင်လှပေသည်။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာများကို ပြည်ထောင်စုဖွား တိုင်းရင်းသားများ ပါဝင်ကျင့်သုံးနိုင်ရန် ဤအခြေခံဥပဒေက ဖော်ဆောင်ပေးထားသည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့တွင် မဲဆန္ဒနယ်အလိုက် နေထိုင်ကြသော တိုင်းရင်းသားတို့ အရွေးခံပါဝင်ခွင့်ရှိထားသူ လွှတ်တော်နှစ်ရပ်စလုံး အကျုံးဝင်သည့် ပြည်ထောင်စုလွှတ်တော်သည် အမြင့်ဆုံးသော ဥပဒေပြုအာဏာပိုင်ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်တွင် တိုင်းရင်းသားစုံကိုယ်စားလှယ်များပါဝင်ကြမည်။ ဥပဒေပြုကြမည်။ ယခင်က မြန်မာနိုင်ငံတွင် မရှိခဲ့ဖူးသေးသော ပြည်နယ်၊ တိုင်းဒေသကြီးလွှတ်တော်များ ယခုအခြေခံဥပဒေသစ်အရ ဖွဲ့စည်းတည်ဆောက်ကြမည်။ ခွဲဝေအပ်နှင်းထားသော ဥပဒေပြုခွင့်အာဏာများ ကျင့်သုံးကြမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများသည်ပင် အခြေခံဥပဒေက ခွဲဝေအပ်နှင်းထားသော ဥပဒေပြုခွင့်အာဏာ ရရှိစေမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေးအကြီးအကဲ၊ အုပ်ချုပ်ရေးအာဏာပိုင်ဖြစ်သည်။ ဒုတိယသမ္မတများ၊ အစိုးရအဖွဲ့(ဝန်ကြီးများ)၊ ပြည်နယ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးတာဝန် အပ်နှင်းထားသူများထံ အဆင့်ဆင့်သော အုပ်ချုပ်ရေးအာဏာများ ခွဲဝေပေးထားမည်ဖြစ်သည်။

အမျိုးအနွယ်အားဖြင့် တစ်ရာကျော်ရှိသော တိုင်းရင်းသားလူမျိုးများသည် ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတို့တွင် ပါဝင်အရွေးခံကာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအာဏာများ ကိုယ်တိုင်ကျင့်သုံးနိုင်ကြမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိလောက်အောင် မြို့နယ်အနည်းဆုံးနှစ်ခု၊ လူဦးရေထက်ဝက်ကျော်မရှိသော တိုင်းရင်းသားမျိုးနွယ်စုအချို့သည် အကယ်၍ ယင်းလူမျိုးနွယ်၏ အရေအတွက်က နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုည ဒသမတစ်ရာခိုင်နှုန်းနှင့် အထက်ရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်သို့ ကိုယ်စားလှယ်တစ်ဦး ရွေးကောက်စေလွှတ်ခွင့် ရမည်ဖြစ်သည်။

ဤနိုင်ငံတွင် အသားအရောင်ခွဲခြားမှုမရှိ၊ နိုင်ငံသားတိုင်း ဥပဒေအရာတွင် တန်းတူကြသည်။ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို တန်းတူရရှိခံစားနိုင်ကြသည်။ ၁၉၄၇ခုနှစ် အခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ပုဒ်မ ၂၃ခုပါရှိသည်။ ၁၉၇၄ခုနှစ် အခြေခံဥပဒေ၌ ပုဒ်မ ၂၆ခုပါရှိသည်။ ဤ၂၀၀၈ခုနှစ် အခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်ဆိုင်ရာ ပုဒ်မ၅၀ ပါဝင်သည်။နိုင်ငံသားတို့ လွတ်လပ်စွာတွေးကြ၊ ကိုးကွယ်၊ အသက်မွေးနိုင်ကြသည်။ အသားအရောင် လူမျိုးမခွဲခြားသော တရားစီရင်ရေးမှုများနှင့်အညီ ခုခံချေပခွင့်၊ အယူခံခွင့်များ ရရှိသည်။

မိမိတို့ကိုယ်စား အချုပ်အခြာအာဏာရပ်များကို ကျင့်သုံးရန် မိမိတို့က ရွေးချယ်တင်မြှောက်လိုက်သော ဥပဒေပြုရေး(အမတ်များ)၊ အုပ်ချုပ်ရေး(သမ္မတနှင့်အစိုးရအဖွဲ့များ)၊ တရားစီရင်ရေး(တရားသူကြီးချုပ်မှအစ တရားသူကြီးများ) ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်စသည်များက (က) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊ (ခ) ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ (ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊ (ဃ) မိမိတို့၏ရာထူးတာဝန်နှင့်စပ်လျဉ်းသည့် အရည်အချင်းပျက်ယွင်းခြင်း၊ (င) ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်းတို့ကြောင့် မကျေနပ်၊ မလိုလားလျှင် ဥပဒေစည်းကမ်းအတိုင်း စွပ်စွဲပြစ်တင် ဖယ်ရှားနိုင်သည်။ သမ္မတကြီးမှအစ ဒုတိယသမ္မတများ၊ ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်မှ အစ တရားသူကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ကော်မရှင်ဥက္ကဋ္ဌများ စသည်တို့ကို ဥပဒေနှင့်အညီ စွပ်စွဲပြစ်တင် ဖယ်ရှားနိုင်သည်။ မိမိတို့ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒရှင်များက ပြန်ခေါ်ခွင့် (Right of Recall) အရ ပြန်လည်ခေါ်ယူ ဖယ်ရှားနိုင်သည်။

နိုင်ငံတော်တွင် အခြေခံဥပဒေအရ၊ အစိုးရအာဏာစက်အရ ထိန်းမနိုင်၊ သိမ်းမရ ဆူပူသောင်းကျန်းမှု၊ ပြည်ပကျူးကျော်မှုစသည့် အရေးပေါ်အခြေအနေမျိုး ကြုံလာလျှင် ဥပဒေနှင့်အညီ တာဝန်အရှိဆုံးသမ္မတကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အရေးပေါ်တာဝန်ကို အချိန်သတ်မှတ်ပေးအပ်ဆောင်ရွက်စေပြီး သမ္မတကြီးဦးဆောင်သော အုပ်ချုပ်ရေးအာဏာပိုင်(အစိုးရ)အဖွဲ့က နိုင်ငံကို ဆက်လက်တာဝန်ယူရမည့် အရေးပေါ်ကာလပြဋ္ဌာန်းချက်များ ပါဝင်သည်။

ဤထူးခြားသော ဝိသေသလက္ခဏာများကို အကဲခတ်ကြည့်ရှုဖြင့်ပင် ဤ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုသားမြန်မာများအတွက် အသင့်လျော်ဆုံး အခြေခံဥပဒေဖြစ်ကြောင်း သိရှိနိုင်မည်ဟု ယုံကြည်ခံယူထားကြောင်းပါခင်ဗျား ။ ။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာများကို ပြည်ထောင်စုဖွား တိုင်းရင်းသားများ ပါဝင်ကျင့်သုံးနိုင်ရန် ဤအခြေခံဥပဒေက ဖော်ဆောင်ပေးထားသည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့တွင် မဲဆန္ဒနယ်အလိုက် နေထိုင်ကြသော တိုင်းရင်းသားတို့ အရွေးခံပါဝင်ခွင့်ရှိထားသူ လွှတ်တော်နှစ်ရပ်စလုံး အကျုံးဝင်သည့် ပြည်ထောင်စုလွှတ်တော်သည် အမြင့်ဆုံးသော ဥပဒေပြုအာဏာပိုင်ဖြစ်သည်။

မျိုးဆက်သစ် ရုပ်ရှင်အနုပညာရှင်များ မွေးထုတ်ပေးမည့် ရုပ်ရှင်သရုပ်ဆောင် (၁/၂၀၀၈) သင်တန်းဖွင့်

မိုးမြင့်လင်းလက်မေးမြန်း၍ - သန်းသန်းနုရေးသည်
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာပွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူးဖွင့်လှစ်တဲ့ ရုပ်ရှင်သရုပ်ဆောင် (၁/၂၀၀၈)သင်တန်းဖွင့်ပွဲကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဝင်္ကပါလမ်းမှာရှိတဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသင်တန်းခန်းမမှာ ဧပြီ ၁ ရက် နံနက် ၉ နာရီက စတင်ဖွင့်လှစ်တဲ့အခါ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နဲ့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေတို့က အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ရှိသူတွေ တက်ရောက်အားပေးကြပါတယ်။

ဒီသင်တန်းဖွင့်လှစ်မှုနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဆရာဦးမြင့်သိန်းဖေနဲ့ မြန်မာ့အလင်းက တွေ့ဆုံခဲ့ရာမှာ **“ဒီသင်တန်းဖွင့်လှစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်က ယနေ့ ရုပ်ရှင် ဗီဒီယိုတွေမှာ သရုပ်ဆောင် ရှားပါးတာကို ဖြည့်ဆည်းပေးရန်၊ အနာဂတ်မှာ ထူးချွန်တဲ့ သရုပ်ဆောင်ကောင်းတွေ ဖြစ်လာစေရန်နဲ့ သရုပ်ဆောင်မှုကို တကယ်ဝါသနာပါတဲ့ သူတွေ အလိမ်မခံရစေရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း”** ရှင်းပြပါတယ်။

သင်တန်းကာလ

ဆက်လက်ပြီး **သင်တန်းသားခေါ်ယူခဲ့စဉ်က လျှောက်ထားသူ အမျိုးသား ၁၀၂ ဦး၊ အမျိုးသမီး ၅၀ရှိပြီး ရွေးချယ်ခဲ့ရာတွင် အမျိုးသား ၃၇ ဦးနှင့် အမျိုးသမီး ၃၃ ဦးရှိကြောင်း သင်တန်းသား စုစုပေါင်း ၇၀ တက်ရောက်မှာ ဖြစ်ကြောင်း** ပြောပြပါတယ်။ **သင်တန်းကာလမှာ လေးလ ဖြစ်ပြီး သင်ကြားရက်က ရက်ပေါင်း ၉၀ ရှိကြောင်း** ရှင်းပြပါတယ်။ **သင်တန်းမှာ စာတွေ့ လက်တွေ့ သင်ကြားမှာဖြစ်ပြီး ဝါရင့်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ အကယ်ဒမီ ဒါရိုက်တာများ၊ မင်းသား၊ မင်းသမီးများက စာတွေ့လက်တွေ့ ပို့ချမှာဖြစ်ကြောင်း** သိရှိရပါတယ်။

သရုပ်ဆောင်မှုနှင့် ပတ်သက်ပြီး **လက်တွေ့ ရိုက်ကွင်းများသို့ သွားရောက်**

သရုပ်ဆောင်နည်းပညာ ဘာသာရပ် သင်ကြားမှာ ဖြစ်ပါတယ်။
ဦးကြည်စိုးထွန်း
(အကယ်ဒမီဒါရိုက်တာ)

လေ့လာခြင်း၊ လက်တွေ့ သရုပ်ဆောင်ခြင်းများ ပြုလုပ်ရမှာဖြစ်ပြီး သရုပ်ဆောင်မှုအတွက် ဇာတ်လမ်းများ ပြုလုပ်ထားကြောင်း ဆရာဦးမြင့်သိန်းဖေက ရှင်းပြပါတယ်။

အစီအစဉ်

သရုပ်ဆောင်မှု သင်တန်းပြီးဆုံးတဲ့အခါမှာ သင်တန်းသား သင်တန်းသူများအတွက် ဘယ်လိုအစီအစဉ်မျိုးရှိကြောင်း မေးမြန်းခဲ့တဲ့အခါ **“သင်တန်းသားတွေကို ဒါရိုက်တာနှင့် ထုတ်လုပ်သူတွေက သူတို့ အရည်အချင်းပေါ်မူတည်ပြီး အပ်မှာ ဖြစ်ကြောင်း”** ရှင်းပြပါတယ်။ သင်တန်းပြီးဆုံးရင် အောင်လက်မှတ်ထုတ်ပေးမှာ ဖြစ်ပြီး ဆရာများက အကဲဖြတ်မှာ ဖြစ်ပါတယ်။

သင်တန်းမှာ ပို့ချမယ့် ဆရာတစ်ဦးဖြစ်သူ အကယ်ဒမီ ဒါရိုက်တာ ဦးကြည်စိုးထွန်းနှင့် မေးမြန်းခဲ့ရာမှာ **ဆရာ့အနေနှင့် သရုပ်ဆောင် နည်းပညာဘာသာရပ် သင်ကြားမှာဖြစ်ကြောင်း** သိရှိရပါတယ်။ သင်ကြားတဲ့အခါ ရုရှားအတတ်ပညာရှင်

သရုပ်ဆောင်ကောင်းဖြစ်အောင် ကြိုးစားသွားမှာပါ။
မောင်ဖြိုးအောင်ဝင်း
သရုပ်ဆောင်သင်တန်းသား

တစ်ဦးဖြစ်တဲ့ Stanislavsky ၏ ရုပ်ရှင်နည်းပညာတွေကို အခြေခံပြီး သင်ကြားပေးမှာ ဖြစ်ပါတယ်။ ဒီလိုသင်ပေးတဲ့အခါမှာ ဇာတ်ကောင်နေရာကနေပြီးသရုပ်ဆောင်တတ်အောင်၊ စကားပြောတတ်အောင်အထိ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ ရုပ်ရှင်သရုပ်ဆောင် (၁/၂၀၀၈) သင်တန်းသား သင်တန်းသူများအား သင်တန်းစည်းကမ်းချက်များကို ပြောကြားစဉ်။

သင်ကြားပေးမှာ ဖြစ်ကြောင်း သိရှိရပါတယ်။ သင်ကြားမှု သင်ခန်းစာနဲ့ပတ်သက်ပြီး အခန်း(၁၅) ခန်းရှိကြောင်း ဆရာက ရှင်းပြပါတယ်။ သရုပ်ဆောင် အနုပညာရှင်အနေနဲ့ စိတ်ကို တည်ငြိမ်အောင်ထားတဲ့ နည်းလမ်း၊ လေ့လာစူးစမ်းလိုတဲ့ နည်းလမ်းတွေ၊ အမှန်တရားနဲ့ ယုံကြည်ချက်ရှိဖို့၊ ဖြတ်ထိုးဉာဏ်ရှိဖို့နဲ့ နှစ်ယောက်တွဲသရုပ်

ဇာတ်ညွှန်းနဲ့ သရုပ်ဆောင်ပညာကို စာတွေ့လက်တွေ့ သင်ကြားမှာပါ။
ဦးငြိမ်းမင်း
(အကယ်ဒမီဇာတ်ညွှန်း)

ဆောင်မှု၊ အုပ်စုလိုက် သရုပ်ဆောင်မှုစတဲ့ နည်းပညာဘာသာရပ်တွေကို သင်ကြားမှာ ဖြစ်ကြောင်း ရှင်းပြပါတယ်။

အကယ်ဒမီဦးငြိမ်းမင်း

ဆက်လက်ပြီး အကယ်ဒမီ ငြိမ်းမင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာမှာ **ဆရာ့အနေနဲ့ ဇာတ်ညွှန်းနှင့် သရုပ်ဆောင်ပညာကို စာတွေ့ လက်တွေ့ သင်ကြားမှာဖြစ်ပြီး ဇာတ်စကားကို ဇာတ်လိုပြောတတ်အောင် သင်ကြားမှာဖြစ်ကြောင်း** ရှင်းပြပါတယ်။ **ဇာတ်ညွှန်းရေးဆရာတစ်ယောက် ရေးထားတာကို ကိုယ်ပိုင်စကားဖြစ်အောင် နှုတ်အမူအရာ၊ ဇာတ်လမ်းတစ်ခု၏ အင်္ဂါရပ်ကို အခြေခံတဲ့ အမူအရာ၊ အလေးအပေါ့ ချိန်ဆတာမျိုးကို သင်ကြားပေးမှာ ဖြစ်ကြောင်း၊ ဂန္ထဝင် သရုပ်ဆောင်မှုများ (ဥပမာ-ပန်းပန်လျက်ပါ ဇာတ်ကားထဲက သရုပ်ဆောင်တွေရဲ့ အမူအရာ) ဆရာ့အနေနဲ့ မြန်မာ့ဇာတ်သဘင်မှာ ခိုအောင်းနေတဲ့ မြန်မာ့ဂန္ထဝင်စာပေတွေ သိလာအောင်၊ မိမိတို့တုန်းက တွေ့ကြုံရတဲ့ အခက်အခဲကိုမတွေ့ကြုံရအောင်၊ နောက်ဆုံး နိုင်ငံတကာမှာ ပြောင်းလဲနေတဲ့ ရုပ်ရှင်အနုပညာတွေ၊ မြန်မာ့ပရိသတ်နဲ့ကိုက်ညီတဲ့ ယဉ်ကျေးမှုအခြေခံတွေ ဘယ်လိုပေါင်းစပ်မလဲဆိုတာမျိုးတွေကို သင်ကြားပေးမှာဖြစ်ကြောင်း** ပြောပြပါတယ်။

သရုပ်ဆောင်တာကို ငယ်ငယ် လေးကတည်းက ဝါသနာပါတာပါ။
မယမင်းထွေး
သရုပ်ဆောင်သင်တန်းသူ

မြန်မာ့အလင်း သတင်းအဖွဲ့ဟာ သရုပ်ဆောင် သင်တန်းခန်းမ ရှိရာသို့ သွားရောက်ခဲ့ပြီး သင်တန်းသားတစ်ဦး ဖြစ်သူ မောင်ဖြိုးအောင်ဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာမှာ **“ရန်ကုန်မှ ဖြစ်ပြီး ဒုတိယနှစ်စီးပွားရေး(စာပေးစာယူ) တက်ရောက်နေကြောင်း၊ သရုပ်ဆောင်မှုနှင့် ပတ်သက်ပြီး အလွန်ဝါသနာပါ၍ လျှောက်ထားခဲ့ကြောင်း၊ အိမ်မှာ အမြဲလေ့ကျင့်နေတတ်ကြောင်း၊ အနာဂတ်မှာ သရုပ်ဆောင်ကောင်းဖြစ်အောင် ကြိုးစားမှာဖြစ်ကြောင်း”** မြန်မာ့အလင်းသို့ ပြောပြခဲ့ပါတယ်။

သင်တန်းသူ မယမင်းထွေးက **“သမီး တက္ကသိုလ်ဝင်တန်း ဖြေထားပါတယ်၊ သရုပ်ဆောင်တာကို ငယ်ငယ်လေးကတည်းက ဝါသနာပါတာပါ၊ သမီးစိတ်ဝင်စားပြီးလုပ်တဲ့အလုပ် ဖြစ်လို့ သမီးကြိုးစားမှာပါ၊ သမီးမိဘများကလဲ အားပေးပါတယ်၊ သရုပ်ဆောင်မှုအနေနဲ့ ဆိုရင် လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး သရုပ်ဆောင်ရတဲ့ အခန်းမျိုးကို ကြိုက်ပါတယ်၊ သရုပ်ဆောင်ကောင်းဖြစ်အောင်လဲ သမီးကြိုးစားမှာပါ”**လို့ မြန်မာ့အလင်းသို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ရည်ရွယ်ချက်သုံးရပ်နဲ့ ဖွင့်လှစ်တဲ့ သရုပ်ဆောင်သင်တန်းမှ ဝါရင့် အနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ ပညာ၊ မေတ္တာ၊ စေတနာတို့ကြောင့် မျိုးဆက်သစ် သရုပ်ဆောင်များ ပေါ်ထွန်းလာမှာ ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

> သင်တန်းဖွင့်လှစ်ခြင်းရဲ့ အဓိက ရည်ရွယ်ချက်က ယနေ့ရုပ်ရှင် ဗီဒီယိုတွေမှာ သရုပ်ဆောင်ရှားပါး တာကို ဖြည့်ဆည်းပေးရန်၊ အနာဂတ်မှာ ထူးချွန်တဲ့ သရုပ်ဆောင် ကောင်းတွေ ဖြစ်လာစေရန်နဲ့ သရုပ်ဆောင်မှုကို တကယ်ဝါသနာပါတဲ့ သူတွေ အလိမ်မခံရစေရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွင့်လှစ်ခဲ့ခြင်းဖြစ်။

ရန်ကုန် မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် လှော်ကားဥယျာဉ်လမ်း လှော်ကားတောရကျောင်းတိုက်ကြီးအနီး တည်ထားသည့် နှစ်ကျိပ်ရှစ်ဆူ စေတီတော်မြတ်ကြီးနှင့် သိကြားမင်းစမဘွဲ့ရ စေတီနှစ်ကျိပ်ရှစ်ဆူ ပုံတူစေတီအတွက် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့တွင်စီခြယ်ရန်အတွက် ရတနာမျိုးစုံတို့ကို ရတနာပိုင်ရှင်များကိုယ်စား ဦးအောင်ကြည်(နာယကအဖွဲ့ဝင်)၊ ဦးစိန်းနိုင်(အတွင်းရေးမှူး)နှင့် ဦးအောင်မြင့်(ဘဏ္ဍာရေးမှူး)တို့က ဦးစံကြည် မြန်မာမှုပညာရှင်၊ ဦးစံသိန်းနှင့်သားများ ငွေထည်လုပ်ငန်းရေကျော်တို့ထံ ပေးအပ်လှူဒါန်းကြစဉ်။ (က-ပ)

ရန်ကုန်မြို့ တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ယိမ်းပြိုင်ပွဲများ စာရင်းပေးသွင်းနိုင်

ရန်ကုန် ဧပြီ ၂

မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် မဟာသင်္ကြန်ပွဲတော် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို မူလတန်းကြိုကျောင်း ၁၂ ဦးယိမ်း၊ ရုံးဌာနများ၊ ကျောင်းများ၊ အခြားအဖွဲ့အစည်းများ ၁၂ ဦးယိမ်း၊ ၁၆ ဦးယိမ်းပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသော အသင်းများသည် ဧပြီ ၉ရက် နောက်ဆုံးထား၍ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမ ပထမထပ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ စစ်ဆေးရေးဌာန၌ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်သည်။ အသေးစိတ်သိလိုပါက လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၃၇၉၆၉၃၊ ၃၇၄၈၂၂ နှင့် ၃၇၈၀၀၃တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းရုံးခွဲ(ရွာသာကြီး)မှ ဦးစီးအရာရှိ ဦးအောင်ကျော်မိုးသည် မတ် ၁၃ ရက်က ရန်ကုန်မြို့ ပါရမီရှိ ရွှေမန်းသူ အဝေးပြေး ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းအောက်ရှိ ကြီးကြပ်သူများ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့ နိုင်ငံတော်သံဃနာယကအဖွဲ့ ဗဟိုဝန်ဆောင် မြစိမ်းရောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသံဝရထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သစ်တော)

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့ ဗိုလ်ကလေးတင့်အောင်စာကြည့်တိုက်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ်၃၀ရက်က ဘိုကလေးမြို့ မြို့မဆွမ်းလောင်း အသင်းကြီး၌ ရဟန်း၊ ရှင်သာမဏေ၁၀၀၀ ကျော်အား အရုဏ်ဆွမ်းဆက်ကပ်လောင်းလှူပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် အလှူရှင်များက မြို့မဆွမ်းလောင်းအသင်းကြီးအတွက် ငွေပဒေသာပင်ငွေကျပ် သုံးသိန်းလေးသောင်း စိုက်ထူပေးသည်။

အမှာစကားပြောကြား

ထို့နောက် ဗိုလ်ကလေးတင့်အောင် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က အမှာစကားပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ဗိုလ်ကလေးတင့်အောင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးက ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာများဖြင့် ပက်ဖျန်းကြကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အလှူငွေ ပေးအပ်ပွဲ ဆက်လက်ကျင်းပရာ တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး၊ စာပေနှင့် ဂီတပညာရှင်များနှင့် အလှူရှင်များက မီးစက်၊ မီးအားမြှင့်စက်၊ ကွန်ပျူတာတစ်စုံ၊ အလှူငွေကျပ် ၇၇ သိန်းနှင့် စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းပြီး ဗိုလ်ကလေးတင့်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဘိုကလေးမြို့ အောင်သပြေ အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းနှင့် စစ်ကုန်းအခြေခံပညာမူလတန်းကျောင်းတို့သို့ ရောက်ရှိပြီး ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၃၁ရက်တွင် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သစ်အခြေခံလုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကား ပြောကြားသည်။ (သတင်းစဉ်)

ပဲခူးမြို့ သမိုင်းဝင် ဟင်္သာကုန်းစေတီတော်မြတ်ကြီး တောင်ဘက် စောင်းတန်းသစ်တည်ဆောက်ရန်အတွက် မတ် ၈ရက်က ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် ဒေါနလမ်းနေ ဖခင် ဦးဝက်ပု-မိခင် ဒေါ်တင်မေအား ရည်စူး၍ သမီးဖြစ်သူ မကေခိုင်ဝင်းက ငွေကျပ် တစ်သိန်းလှူဒါန်းရာ အလှည့်ကျဂေါပကအဖွဲ့ သဘာပတိ ဦးကြည်သောင်းနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံယူစဉ်။ (ဝဇဝ)

တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဌမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ

နေပြည်တော် ဧပြီ ၂

ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယကအနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တို့သည် မတ် ၂၉ရက်က ဌမြို့ရှိ အောင်မင်္ဂလာခန်းမ၌ ကျင်းပသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ)ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့များသို့ အလှူငွေ ကျပ်နှစ်သိန်းစီနှင့် အဝတ်အထည်များကိုထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံကြသည်။ **(အပေါ်ယာပုံ)**

အမှာစကားပြောကြား

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဌမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိကြပြီး မြို့နယ်အလုပ်အမှုဆောင် ဦးနိုင်လင်းထွန်းက အသင်း၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင် လုပ်ကိုင်ရေးတို့ကို အသေးစိတ် မှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ငွေကျပ်ငါးသိန်းနှင့် စာစောင်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးမြို့ အဓိဋ္ဌာန် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂

ကျေးဇူးတော်ရှင် နာဂလိုဏ်ဂူ ကလေးဝဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော ပဲခူးမြို့ ကလျာဏီရပ်ကွက် ရွှေဂူလေး မဟာပဒုမ စာသင်တိုက်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအမှတ်(၁၂)တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲနှင့် သင်္ကန်းအကြိုပွဲကို ဧပြီ ၉ရက်မှ ၁၇ရက်အထိ အဓိဋ္ဌာန် တရားစခန်းပွဲများ ကျင်းပမည်ဖြစ်ရာ ပဲခူးမြို့ ရွှေဂူလေး ဖုန်း ၀၅၂-၂၁၅၆၀နှင့် ၀၉-၅၃၀-၁၇၈၉ တို့သို့ ဆက်သွယ်နိုင်သည်။ **(က-ပ)**

ရွှေရောင်မြင်သာသနာ့ရိပ်သာ ၁၀ရက်တရားစခန်း

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း တွံတေးမြို့နယ် ကံဘဲ့စံပြကျေးရွာ ရွှေရောင်မြင် သာသနာ့ရိပ်သာတွင် ဧပြီ ၇ရက်မှ ၁၆ရက်အထိ (၁၇)ကြိမ်မြောက် မဟာစည်ဝိပဿနာ ၁၀ရက်တရားစခန်းကို ဖွင့်လှစ်မည်ဖြစ်သည်။ ရိပ်သာဆရာတော် ရွှေရောင်မြင် ဦးအဋ္ဌ A.G.T.I.,E.P (M.O.G.E)က တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ရိပ်သာဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဦးတင်အေး ဖုန်း-၀၉-၅၀၀-၃၇၈၂၊ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၀၀-၄၅၂၅၊ ဦးဝေလွင် ဖုန်း-၀၉- ၅၁၃-၂၇၇၄၊ ဒေါ်ကြွန္တာအောင် ဖုန်း-၀၉-၅၀-၁၈၈၃၆ နှင့် ရိပ်သာ ဖုန်း-၂၆၉၅၅၃ လိုင်းခွဲ ၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဂုဏဝိသိဋ္ဌပူဇာနှင့် ကသစ်ဝိုင်တရားပွဲ

ရန်ကုန် ဧပြီ ၂

ပဲခူးမြို့ အောင်မင်းခေါင်ကုန်းမြေ ကသစ်ဝိုင် ဓမ္မရိပ်သာကြီး၌ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကဥ္စနသာရအား ရဟန်းဒါယကာ ဒါယိကာမများနှင့် တပည့်ယောဂီများက ဧပြီ ၆ရက်တွင် ဂုဏဝိသိဋ္ဌပူဇာ သဘင်ကျင်းပမည်ဖြစ်ပြီး ဧပြီ ၉ရက်မှ ၂၀ရက်အထိ ကျေးဇူးရှင် မူလကသစ်ဝိုင်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၁၀ရက် ဝိပဿနာအလုပ်ပေးတရားတော်များကို ဆရာတော်ဘဒ္ဒန္တပဒုမ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၏ တပည့် ဘဒ္ဒန္တကဥ္စနာသာရ(မဟာကမ္မဋ္ဌာနာစရိယ)နှင့် ဘဒ္ဒန္တဇာဂရ၊ ဘဒ္ဒန္တ သောဘိတ အရှင်မြတ်တို့က ဟောကြားပြသမည်ဖြစ်ရာ ဖုန်း-၀၅၂-၂၁၇၆၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

လုယက်မှုကျူးလွန်သူတရားခံများ နာရီပိုင်းအတွင်းဖမ်းမိ

ရန်ကုန် ဧပြီ ၂

မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာ ၉ လမ်း ဆ/ရပ်ကွက်နေသူ ကိုရင်ထွေးသည် မတ် ၃၀ရက်ည ၇နာရီ မိနစ် ၅၀ခန့်က ပုရွက်ဆိတ်ကုန်း ဘူတာအနီး စက္ကူဆိုင်သို့ စက္ကူအဟောင်းများ သွားရောက်ဝယ်ပြီး ပြန်လာစဉ် မရမ်းကုန်းမြို့နယ် ၅/ ရပ်ကွက် ဗဟိုလမ်းအရောက်တွင် အမျိုးသားနှစ်ဦး နောက်မှလိုက်လာပြီး ခါးနှင့်လည်ပင်းအား ကတ်ကြေးဖြင့်ထိုးကာ အင်္ကျီအိတ်ကပ်ထဲမှ ငွေကျပ်၄၃၀၀၀အားလုယူကာ ထွက်ပြေးသွားသဖြင့် မရမ်းကုန်း ရဲစခန်းသို့ တိုင်ကြားခဲ့သည်။ မရမ်းကုန်းရဲစခန်းမှ နယ်ထိန်း ဒုရဲအုပ်အောင်ကြိုင်နှင့်အဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ သီဟနှင့် သန့်ဇင်ဦးတို့နှစ်ဦးအား မတ် ၃၁ရက် နံနက် ၂နာရီတွင် ဖမ်းဆီးမိခဲ့သည်။ ပြစ်မှုကျူးလွန်သူ သီဟနှင့်သန့်ဇင်ဦးတို့အား မရမ်းကုန်းရဲစခန်းမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိုးရှင်းစူပါမားကတ်မှ ပစ္စည်းခိုးသူအားဖမ်းဆီးမိ

ရန်ကုန် ဧပြီ ၂

မတ် ၂၈ ရက် နံနက်၁၁နာရီ ၄၅မိနစ်က မရမ်းကုန်းမြို့နယ်၉မိုင်ရှိ အိုးရှင်းစူပါစင်တာသို့ ဈေးဝယ်လာသူ မမို့မို့ တောင်သူကုန်းရပ်ကွက် အင်းစိန်မြို့နယ်နေသူသည် အရောင်း ကောင်တာအတွင်းရှိ ပါတိတ်လုံချည်တစ်ထည်၊ မဝတ်အင်္ကျီ သုံးထည်နှင့် ဖိနပ်တစ်ရန် စုစုပေါင်း တန်ဖိုးငွေကျပ် ၅၁၈၀၀ အားကောင်တာတွင် ငွေမရှင်းဘဲ ခိုးယူလာစဉ် အိုးရှင်းစင်တာ လုံခြုံရေးအရာရှိ ဦးစိုးရာဇာနှင့် အဖွဲ့က ဖမ်းဆီးရမိခဲ့သည်။ ပစ္စည်းခိုးယူသူ မမို့မို့အား မရမ်းကုန်းရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ ဖြင့်အမှုဖွင့် အရေးယူ စစ်ဆေးလျက်ရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မှုခင်းသတင်းများ

လှည်းကူးမြို့နယ်၌ လူသတ်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၂

လှည်းကူးမြို့နယ် ဓနိပင်ဝဲကျေးရွာနေ ဦးစိုးမြင့်၏ စာရင်းငှားများဖြစ်ကြသည့် နိုင်ဝင်း(ခ)ကရင်နှင့် သန်းနိုင်တို့သည် စာရင်းငှားနေထိုင်ရန် ဓနိပင်ဝဲ ကွင်းတွင် လယ်တဲဆောက်လုပ်နေစဉ် တဲအတွင်းနှီးချည်သည့် ကိစ္စနှင့်ပတ်သက်ပြီး မတ်၂၉ရက် ညနေ ၃နာရီက စကားများရန်ဖြစ်ကြရာ သန်းနိုင်က ဝါးရင်းတုတ်ဖြင့် ရိုက်သဖြင့် နိုင်ဝင်း(ခ)ကရင်၏ မေးစေ့၊ ပါးစပ်နှင့် နှာခေါင်းတို့တွင် သွေးထွက် ပေါက်ပြဲဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားသည်။

လူသတ်မှုဖြစ်ပွားကြောင်း သတင်းရလျှင်ရချင်း လှည်းကူးရဲစခန်းမှူး ရဲအုပ်မောင်မောင်ဦးနှင့်အဖွဲ့သည် တရားခံသန်းနိုင်အားဖမ်းဆီးရမိနိုင်ရေးအတွက် လိုက်လံစုံစမ်းရှာဖွေခဲ့ရာ မတ် ၃၀ရက် နံနက်၄နာရီအချိန်တွင် သန်းနိုင်အား တံခွန်တိုင်ကျေးရွာတွင် ဖမ်းဆီးရမိပြီး လူသတ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ဝါးရင်းတုတ်အား မြို့ရှောင်လမ်း ဆည်မြောင်းလယ်ကန်သင်းရိုးအနီးမှ သိမ်းဆည်းခဲ့သည်။

ပြစ်မှုကျူးလွန်သူသန်းနိုင်အား လှည်းကူးရဲစခန်းမှု(ပ)၁၂၉/၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ဖြင့် အမှုဖွင့်အရေးယူ ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပစ္စည်းခိုးသူ အိမ်ဖော်များအား ဖမ်းဆီးအရေးယူ

ရန်ကုန် ဧပြီ ၂

သီရိကွန်ဒို မရမ်းကုန်းမြို့နယ်နေသူ ဦးကျော်ဝင်းသည် မတ်၂၄ရက် ည ၉နာရီက ၎င်း၏နေအိမ်အတွင်းထားရှိသော ဒီဂျစ်တယ်ကင်မရာ တစ်လုံးနှင့် ငွေကျပ်၁၁၀၀၀ ခိုးယူခံရပြီး ပျောက်ဆုံးနေကြောင်းစစ်ဆေးတွေ့ ရှိရသဖြင့် မရမ်းကုန်းရဲစခန်းသို့ တိုင်ကြားခဲ့သည်။

မရမ်းကုန်းရဲစခန်းမှ စုံစမ်းဖော်ထုတ်ခဲ့ရာ ပစ္စည်းခိုးယူသူ မစန်းစန်းမြင့် ကျုံပျော်မြို့နယ် ဧရာဝတီတိုင်းနေသူနှင့် နော်စန္ဒာအေး အိမ်မဲမြို့နယ် ဧရာဝတီတိုင်းနေသူတို့အား ဖမ်းဆီးရမိခဲ့ပြီး မရမ်းကုန်းရဲစခန်းမှ (ပ)၁၄၈/၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၁/၁၁၄ဖြင့် အမှုဖွင့် အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှားတာရှိရင်ခွင့်လွှတ်ပါ တောင်းပန်ကန်တော့ပြီးမှ ဓားဖြင့်ထိုးသူ

မိတ္ထီလာ ဧပြီ ၂

မိတ္ထီလာမြို့ အနောက်ဘက် ၁၅မိုင်ခန့်အကွာ အလည်ရွာရဲစခန်းအပိုင် သဖန်းပင်ရိုးကျေးရွာတွင် မတ် ၁၀ရက် မွန်းလွဲ ၂နာရီက တောင်သူ ဒေါ်အေးညွန့်သည် ဖခင်ဦးခကြီး၊ ခင်ပွန်းဖြစ်သူ ဦးသန်းထွန်းတို့နှင့်အတူ ထမင်းစားနေစဉ် တစ်ရွာတည်းနေ စိန်ထွန်းဆိုသူရောက်ရှိလာပြီး ဖခင်ဦးခကြီးအား မှားတာရှိရင် ခွင့်လွှတ်ပါဟု ပြောဆိုထိုင်ကန်တော့နေစဉ် ၎င်း၏ခါး၌ ဓားမြှောင်တစ်ချောင်းထိုးဝှက်ထားသည်ကို တွေ့ရသဖြင့် ဒေါ်အေးညွန့်က နေအိမ်အောက်သို့ဆင်းသွားရာ စိန်ထွန်းမှ နောက်ကလိုက်သွားပြီး မင်းကိုသတ်မလို့လာတာဟုပြောဆိုပြီး အသင့်ပါလာသည့် ဓားမြှောင်ဖြင့်ထိုးသည်ဟုဆို၏။ ဒေါ်အေးညွန့်က စိန်ထွန်း၏ဓားကို လက်ဖြင့်ပုတ်လိုက်ရာ ဝဲဘက်လက်ကောက်ဝတ်ပြတ်ရှဒဏ်ရာ ရရှိသွားသည်။ ဒေါ်အေးညွန့်က ၎င်းအားဓားဖြင့်ထိုးသူ စိန်ထွန်း(၃၆နှစ်)အား အရေးယူပေးရန် အလည်ရွာရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ ရဲစခန်းက စိန်ထွန်းအား ရဲစခန်း (ပ) ၇/၂၀၀၈၊ ပုဒ်မ ၄၅၂ဖြင့် ဖမ်းဆီးအရေးယူထားသည်။ စိန်ထွန်းထံမှ အရိုး အသွား ၁၁ လက်မရှိ ဓားမြှောင်ကိုလည်း သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းလိုက်သည်။ **(ဝဇဖ)**

မော်ကျွန်းနာဂမာရ်အောင် ငွေစေတီရွှေထီးတော်တင်လှူပူဇော်

မော်လမြိုင်ကျွန်း မတ် ၃၁

မော်လမြိုင်ကျွန်းမြို့နယ် ထီပါလယ်ကျေးရွာအုပ်စု မြို့ချောင်းကျေးရွာတွင် တည်ထားကိုးကွယ်သော နာဂမာရ်အောင် ငွေစေတီ ရွှေထီးတော်တင်လှူပူဇော်ပွဲကို မတ် ၂၃ ရက် ညနေ ၄ နာရီက မြို့ချောင်းကျေးရွာ ရွှေစေတီအနီးရှိ ငွေစေတီယာယီမဏ္ဍပ်၌ ကျင်းပသည်။

ယင်းငွေစေတီ ရွှေထီးတော်တင်လှူပူဇော်ပွဲသို့ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကေသလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ငွေစေတီ တည်ထားရေး တာဝန်ခံဆရာတော် အရှင်ဝိသုဒ္ဓ (နယ်လှည့် သာသနာပြုဓမ္မကထိက)နှင့် ကျောင်းတိုက်များမှ ဆရာတော်များ ကြွရောက်တော်မူပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရွှေထီးတော်အလှူရှင်များက ငွေစေတီ၏ ရွှေထီးတော်ကို ဘုံအဆင့်လိုက် တင်လှူပူဇော်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နာဂမာရ်အောင်ငွေစေတီ၏ အရံစေတီတော်လေးဆူတို့ကို ရွှေထီးတော် အလှူရှင်များက ဆက်လက်၍ ရွှေထီးတော်များ တင်လှူပူဇော်ကြသည်။ (၁၄၂)

ဖေဖော်ဝါရီ ၂၀ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစည်သူ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်၏ ထောက်ပံ့ငွေဖြင့် ဆောက်လုပ်သည့် ဖရူဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှုကို စစ်ဆေးစဉ်။ (က-ပ)

ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်း သာသနိက အဆောက်အအုံများအတွက်ငွေလှူ

ရန်ကုန် ဧပြီ ၂

ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်းတိုက်တွင် ပန်းတစ်ပွင့်တောင် ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရ ဦးစီးလျက် စကြာရှင်ဇမ္ဗူအေး ဆယ့်တစ်မီးငြိမ်း ဆုတောင်းပြည့် စေတီ၏ အရံစေတီများ ထီးတော်တင်ခြင်း၊ရွှေစေတီ၊ ငွေစေတီနှင့် သုံးထပ်ကျေးဇူးဆပ် ဗိမာန်တော်ကြီးအတွက် အခန်းတစ်ခန်းလျှင် ငွေကျပ်၁၂သိန်း၊ ကွန်ကရစ်တိုင် တစ်တိုင်လျှင် ငွေကျပ်သုံးသိန်းဖြင့် လှူဒါန်းနိုင်သည်။

ပန်းတစ်ပွင့်တောင် သာသနာ့နယ်မြေ လမ်းပြုပြင်ခြင်းအတွက် ဦးမောင်မောင်လွင်-ဒေါ်မီမီထွန်း မိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးသန်းလွင်(ခ) ဦးမောင်လုံး-ဒေါ်ဝင်း မိသားစုက ငွေကျပ်၁၆သိန်း၊ ဦးဘိုကြီး - ဒေါ်မြင့်ကြည် မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးမင်းမင်း-ဒေါ်မော်မော်လှိုင် မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးမောင်မောင်သန်း-ဒေါ်ခင်မာညို မိသားစုက ငွေကျပ်တစ်သိန်း၊ ကျေးဇူးဆပ်ဗိမာန်တော်ကြီးအတွက် ဦးဖေသန်း-ဒေါ်ခင်ထွေးခိုင် မိသားစုက ငွေကျပ် ၁၆ သိန်းနှင့် ဦးစန်းဆင့်-ဒေါ်စိုးစိုးဝင်းမိသားစုကငွေကျပ် ၁၀ သိန်းတို့ကို လှူဒါန်းကြကြောင်း သိရသည်။ (က-ပ)

အောင်မြေသာစံမြို့နယ်၌ ကတ္တရာလမ်းခင်းလုပ်ငန်းများဆောင်ရွက် သတ်မှတ်ချိန်ပြီးစီးရေး စက်ယန္တရားကြီးများအသုံးပြု

မန္တလေး မတ် ၂၅

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့်အဖွဲ့သည် မတ် ၁၉ ရက် နံနက်၁၀နာရီက အောင်မြေသာစံမြို့နယ်၇၆လမ်းတစ်လျှောက် ၁၂လမ်းမှ အိုးဘိုလမ်းအထိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် မန္တလေး မြို့ပတ်လမ်းတစ်လျှောက် (ကျွဲစွန်း-အိုးဘို-ရွှေကျင်-ကျွဲရေကုန်း-အောင်ပင်လယ်အပိုင်း) လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာမြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ၇၆ လမ်းတစ်လျှောက် ၁၂လမ်းမှ အိုးဘိုအထိ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး မြို့တော်ဝန်က သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ချိန်အမီ ပြီးစီးရေး၊ စက်ယန္တရားကြီးများ အကျိုးရှိရှိအသုံးပြုသွားရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား မှာကြားသည်။

စနစ်တကျ

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့ပတ်လမ်းအား ကျွဲစွန်းနှင့် ညောင်ကွဲအကြား စက်ယန္တရားကြီးများဖြင့် တာပေါင်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က မန္တလေးမြို့ပတ်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေးကို လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား မှာကြားသည်။ **(အောက်ပုံ)**

စစ်ဆေး

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့ပတ်လမ်းတစ်လျှောက်(အိုးဘို-ရွှေကျင်-ကျွဲရေကုန်း-အောင်ပင်လယ်အပိုင်းအထိ)လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်းသိရသည်။ **(၁၁၃)**

တာမွေမြို့နယ် အမက(၈)၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၃ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းငွေက သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မယုနန္ဒာနွယ်အား ဆုချီးမြှင့်စဉ်။ (၁၇၁)

မိုးကုတ်မြို့ ရွှေနှင်းဆီလမ်း ကတ္တရာလမ်းသစ်ဖွင့်

မိုးကုတ် မတ် ၁၇

မိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မင်္ဂလာသုခရပ်ကွက် ပြည်သူများ ပူပေါင်းဆောင်ရွက်သည့် ရွှေနှင်းဆီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ဆောင်ရွက်

ရွှေနှင်းဆီလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မင်္ဂလာသုခရပ်ကွက် ပြည်သူများ ထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စစ်ဆေး

အဆိုပါ ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် မင်္ဂလာသုခရပ်ကွက် ရပ်မိရပ်ဖ ဦးအုန်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဇော်က လမ်းဖွင့်ပွဲမုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး၍ လမ်းကိုကြည့်ရှု စစ်ဆေးကြသည်။**(တိုင်းစည်ပင်)**

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်ရွှေနှင့် ကျေးရွာရေကော်မတီအဖွဲ့ဝင်များ မတ်၆ရက်က ခနန်းမြောင်ကျေးရွာ စက်ရေတွင်းနှင့် ရေစက်ရုံဝန်းကျင်သန့်ရှင်းရေး၊ စက်ကြွံခိုင်ရေးနှင့်ရေထွက်ရှိမှု အခြေအနေကို စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေးဆိုင်ရာ ပညာပေးသင်တန်းဖွင့်

ကျောက်တလုံးကြီး မတ် ၁၅

တောင်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ လူထုပညာပေး သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ကျောက်တလုံးကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာနေလင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြီး သင်တန်းဆရာလေးဦးမှ သင်တန်းပို့ချသည်။ အလားတူ ကျောက်တလုံးကြီးမြို့ နောင်ခဲကျေးရွာ အုပ်စု နောင်ခဲကျေးရွာတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ယူနီဆက်နှင့် ပူးပေါင်းဆောင်ရွက်သည့် ကြခတ်ကျေးရွာတစ်လက်မခွဲ တွင်းတိမ်တူးဖော်ပြီးစီးမှုကို မတ် ၆ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲမြို့နယ် ကြက်ခြေနီအသင်းကြီးမှူး ရှေးဦးပြုစုခြင်းပညာအခြေခံနှင့် သာမန်အဆင့်သင်တန်းဆင်း

ကျောက်မဲ မတ် ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော ရှေးဦးပြုစုခြင်းပညာ အခြေခံအဆင့် ဆရာ ဆရာမများ(နည်းပြ)နှင့် ကျောင်းသား ကျောင်းသူများ သာမန်အဆင့် သင်တန်းဆင်းပွဲ အခမ်းအနားကို မတ်၁၅ရက် နံနက်၉နာရီက ခရိုင်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကိုကိုကြီး (အောက်ယာပုံ)**နှင့် ခရိုင်ဆရာဝန်ကြီး ဒေါက်တာဒေါ်အေးအေးမူတို့က အမှာစကားပြောကြားကြသည်။**

ဆုချီးမြှင့်

ထို့နောက် မြို့နယ်ကြက်ခြေနီ အသင်း ဒုတိယတပ်ရင်းမှူး ဒေါ်မြတ်မြတ်စိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သင်တန်းတွင် ထူးချွန်ဆုရရှိကြသော ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ၃၆ဦးနှင့် ကျောင်းသားကျောင်းသူ၂၁၇ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့ သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော် **မြတ်ကြီး၏ ထီးတော်** သစ် တင်လှူပူဇော်နိုင်ရန် အတွက် အမှတ် **၄၉၈ ခေမာသီရိ** လမ်း မေတ္တာညွန့် ရပ်ကွက် တာမွေမြို့နယ်နေ ဦးချို-ဒေါ်ခင်အုန်းမြင့်၊ သမီး မသက်သက်၊ မနီဦးချို၊ မစန္ဒာလင်း၊ မခင်ဆွေလင်းမိသားစုက အလှူငွေကျပ်၁၈၀၀၀၀တန်ဖိုးရှိ ရတနာပစ္စည်းများ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် သီဟသုဓမ္မ မဏိဇောတရေ ဦးစိုးသိမ်းနှင့် ဦးထွန်းဝင်းတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ရွှေဆံတော်စေတီတော် အနောက်ဘက်စောင်းတန်း ပြန်လည်ပြုပြင်မွမ်းမံရန် အလှူငွေပေးအပ်

ပြည် မတ် ၂၈

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ သမိုင်းဝင်လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး အနောက်ဘက်စောင်းတန်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံရန် အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၇ရက် နံနက်၉နာရီက ရွှေဆံတော်ရင်ပြင်တော်ရှိ ဂေါပကအဖွဲ့ရုံး၌ကျင်းပရာ ခေတ္တရာအသင်း (ရန်ကုန်မြို့)မှ ဥက္ကဋ္ဌနှင့်အမှုဆောင်တို့က အလှူငွေကျပ်၂၁သိန်းကို ပေးအပ်လှူဒါန်းရာ အလှည့်ကျဂေါပကအဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေး အပ်သည်။ **(အောက်ပုံ)**

အလှူရှင်များ လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ပြည်မြို့ ဖုန်း-၀၅၃-၂၅၀၃၅၊ ၀၅၃-၂၅၁၈၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၅၇)**

ပန်းတနော်မြို့ ကျိုက်သရေဆောင် သမိုင်းဝင်ရွှေမြင်တင်စေတီတော် မြတ်ကြီး၏ ၁၃၆၉ခုနှစ် တပေါင်းလပြည့်နေ့က ကျင်းပသည့် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချအခမ်းအနားတွင် ရန်ကုန်မြို့နေ (ဦးရွှေဒင်္ဂါး)-ဒေါ်ကြင်တီတို့အား အမှူးထား၍ အောင်သပြေဖယောင်းပုဆိုး၊ ကော်ဇောရောင်းဝယ်ရေး ကုမ္ပဏီမှ ဦးအောင်ထွန်း-ဒေါက်တာစန်းစန်းရီ မိသားစုက ထာဝရငွေ ပဒေသာပင်အတွက် ငွေကျပ် သိန်း၁၅၀ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဘွဲ့တံဆိပ်တော်ရဆရာတော် ကျောင်းကြီးတိုက်၌ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ဖြင့် သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် ရွှေလှိုင်အုတ်ကျောင်း စာချဆရာတော် ဘဒ္ဒန္တ အဂ္ဂဉာဏအား မြို့နယ်သံဃနာယကအဖွဲ့၏ ဩဝါဒကိုခံယူလျက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး တပည့်ဒါယကာ၊ ဒါယိကာမများ၏ ဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၉ခုနှစ် တန်ခူးလဆန်း ၁ရက် (ဧပြီ ၆ ရက်) တနင်္ဂနွေနေ့ မွန်းလွဲ၁နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိကျောင်းတော်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း-၅၃၇၆၄၇၊ ၅၂၅၇၇၃ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဧဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဝမ်းတွင်းမြို့နယ်တရားရုံး
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်-၃၃/၂၀၀၈

ဘဏ်ခွဲမန်နေဂျာ	**နှင့်**	၁။ ဦးလှသိန်း
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်ညွန့်မေ
ဝမ်းတွင်းမြို့။		
တရားနိုင်		**တရားရှုံးများ**

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၁တွင် ရရှိသောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ ခုနှစ် ဧပြီ ၃၀ ရက်(မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ်(၂)ရပ်ကွက်၊ ကွင်း(မြို့ကွက်အမှတ်-ဂျီ)၊ ဦးပိုင်(ဂျီ-၄)၊ မြေကွက်(၄)၊ ဧရိယာ ၀.၁၁၁မ၀၉ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိတစ်ထပ်တိုက်(၂၆x၂၀)ပေ၊ သွပ်မိုး၊နံကပ်၊ကွန်ကရစ်ခင်းနှင့်တွဲလျက် ဂိုဒေါင်(၁၁x၁၄)ပေ၊ သွပ်မိုး၊ နံကပ်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း၇၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် မတ် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးထွန်း(တ/၂၀၅၇)
တွဲဖက်မြို့နယ်တရားသူကြီး၊ ဝမ်းတွင်းမြို့နယ်တရားရုံး။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် ဧပြီ ၂

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှုလွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၂၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

မုံရွာစီးပွားရေးတက္ကသိုလ် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA)နှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA)သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA)နှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) သင်တန်းများကို ၂၀၀၈ခုနှစ် ဇွန်လအတွင်းဖွင့်လှစ်မည်ဖြစ်ရာ အောက်ပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်လွှာဝယ်ယူ တင်သွင်းနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီး လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်ရှိသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) MBAသင်တန်းအတွက် စီးပွားရေးလုပ်ငန်းများတွင် စီမံခန့်ခွဲမှုအဆင့်အလိုက် လုပ်ကိုင်နေသူများနှင့်MPAသင်တန်းအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး၊ စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ လက်အောက်ခံ နိုင်ငံတကာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ ပြင်ပပုဂ္ဂိုလ်များကို ဦးစားပေးမည်။
(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းသို့ တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာပါရှိရမည်။

၂။ MBAသင်တန်း၊ MPAသင်တန်းတို့နှင့် သက်ဆိုင်သော စာရွက်စာတမ်းများ၊ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို မုံရွာစီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနနှင့် ဘောဂဗေဒဌာနတို့တွင် MBAအတွက် ၁-၄-၂၀၀၈ ရက်မှစတင်ဝယ်ယူနိုင်ပြီး ၁၅-၅-၂၀၀၈ ရက်နောက်ဆုံးထား၍ လျှောက်လွှာ တင်သွင်းရန်နှင့် MPAအတွက် ၁-၄-၂၀၀၈ ရက်မှစတင်ဝယ်ယူနိုင်ပြီး ၂၂-၅-၂၀၀၈ ရက်နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည်။

၃။ MBAသင်တန်းအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၇-၅-၂၀၀၈ရက်၊ နှုတ်ဖြေစာမေးပွဲကို ၂၀-၅-၂၀၀၈ ရက်တို့တွင်လည်းကောင်း၊ MPAသင်တန်း အတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၄-၅-၂၀၀၈ရက်၊ နှုတ်ဖြေစာမေးပွဲကို ၂၇-၅-၂၀၀၈ ရက်တို့တွင် စစ်ဆေးရွေးချယ်ပြီး သင်တန်းသားဦးရေကန့်သတ် လက်ခံမည်။

၄။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မုံရွာစီးပွားရေးတက္ကသိုလ် ကျောင်းသားရေးရာဌာန၌ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၇၁-၂၂၆၇၂၊ ၂၃၆၅၈၊ ၂၃၆၆၃။

ဝင်းမြင့်
ဌာနမှူး၊ သင်တန်းရေးရာဌာန
မုံရွာစီးပွားရေးတက္ကသိုလ်။

အခွန်ပုံစံ(၁) ပျောက်ဆုံးခြင်း

ကျွန်မဒေါ်ကေသီ၏ ခခ/၁၉၇၂ အခွန်ပုံစံ(၁)စာရွက် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန် ကြေညာအပ်ပါသည်။ **ဒေါ်ကေသီ ဖုန်း-၀၉-၅၁-၅၁၀၃၄။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဧဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဝမ်းတွင်းမြို့နယ်တရားရုံး
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်- ၃၁/၀၈

ဘဏ်ခွဲမန်နေဂျာ	**နှင့်**	၁။ ဒေါ်မြမြ
မြန်မာ့စီးပွားရေးဘဏ်		၂။ ဦးကျော်ထွန်းဦး
ဝမ်းတွင်းမြို့။		၃။ ဒေါ်လှလှ
တရားနိုင်		**တရားရှုံးများ**

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၆တွင် ရရှိသော ဒီကရီအရ အောက် အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဧပြီ ၃၀ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော် ၁၀ရက်)မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ်(၂)ရပ်ကွက်၊ ကွင်းအမှတ်-၁၄၆၈၊ ဝမ်းတွင်းမြို့မ၊ ဦးပိုင်အမှတ်(၂၂/၈၈)၊ မြေကွက်(၁၇၄/၃၆၃) ဧရိယာ ၀.ဒသမ ၀၅ဧကမြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက် (၃၀x၃၀)ပေ သွပ်မိုး၊ နံကပ် ကွန်ကရစ်ခင်း။

လေလံကြမ်းခင်းဈေး ကျပ် ၈၅ သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ်ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် မတ် ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးထွန်း(တ/၂၀၅၇)
တွဲဖက်မြို့နယ်တရားသူကြီး
ဝမ်းတွင်းမြို့နယ်တရားရုံး။

ပြည်သူ့ဆန္ဒသဘောထား

- တည်ငြိမ်မှုကို လိုလားသည်
- အေးချမ်းမှုကို လိုလားသည်
- ဆူပူအကြမ်းဖက်မှုကို မလိုလား

အစိုးရနှင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ စေတနာသဒ္ဓါတရားထက်သန်မှု သာသနာတော်တည်တံ့ပြန့်ပွားရေး အထောက်အကူပြု သာသနာ့ဗိမာန်တော်ကြီး

သတင်းဆောင်းပါး: မြင့်မောင်စိုး:
ဓာတ်ပုံမှတ်တမ်း: သန်းဝင်း(သန်လျင်)

ရန်ကုန် ဧပြီ ၂

ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သန်လျင်မြို့သည် ဘာသာ သာသနာ၊ စာပေယဉ်ကျေးမှုနှင့် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ထင်ရှားခဲ့သည် မြို့တစ်မြို့ဖြစ်သည်။

ထင်ရှားကျော်ကြား

မြတ်စွာဘုရားရှင်၏ ဆံတော်ခြောက်ဆူ ဌာပနာလျက် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ကြီး တည်ထားကိုးကွယ်ရာမြေ၊ ရတုဘုရင်နတ်သျှင်နောင်နှင့် ကဗျာစာဆိုဝန်ကြီး ပဒေသရာဇာတို့၏ ဦးခေါင်းချရာမြေ၊ ကိုလိုနီနယ်ချဲ့ ဒီဗရစ်တိုကို တိုက်ခိုက်ချေမှုန်းအောင်ပွဲဆင်ရာမြေစသော ဂန္တဝင်စာမျက်နှာများက သန်လျင်မြို့ကို ထင်ရှားကျော်ကြားစေလေသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

တိုင်းရင်းဆေးဝါးများ အဆင့်အတန်းမြင့်မားစွာ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၃၁ ရက်တွင် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံကြီးစာသင်ခန်းမ၌ မန္တလေးမြို့ပေါ်ရှိ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

လေ့ကျင့်မွေးထုတ်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆေးတက္ကသိုလ်(မန္တလေး)သို့ရောက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်နှင့်နီးနွယ်သည့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကထိကများနှင့်တွေ့ဆုံ၍ ဝန်ကြီးက ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အဆင့်အတန်းမြင့်မားစွာ ဆောင်ရွက်နိုင်ရန် ဆေးတက္ကသိုလ်များမှ ဆရာဝန်များ၏ အရည်အချင်းပြည့်ဝအောင် လေ့ကျင့်မွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✳

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

မြန်မာတို့သည် ပြည်တွင်းပြည်ပ ပယောဂဖြင့် ပြည်ထောင်စုပြိုကွဲလုနီးနီး အခြေအနေမျိုး တစ်ကြိမ်မကကြုံခဲ့ရသဖြင့် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် စစ်မှန်သောပုံစံဖြင့် ဖွဲ့စည်းထားသည့် မြန်မာပြည်ထောင်စုကြီးမှ မည်သည့်အစိတ်အပိုင်းမျှ ခွဲထွက်ခြင်းမရှိစေရဟူသော အခြေခံမူဖြင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးကို အာမခံထားပေသည်။

တက္ကသိုလ်မြတ်သူ၏ ဆောင်းပါး (စာ ၁၀)